# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily

Established in 1957


**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)


၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 24 December 2025 ၁၂၀၄၁


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ ဓမ္မတေးသီချင်းကျူးချင်း "အိုသာယာသော မြန်မာပြည်တော်ကျူး" ဓမ္မသီချင်းအား စုပေါင်းသီဆိုကြစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်ပေါင်းစုံ အဖွဲ့ချုပ်ကြီးများက ကြီးမှူးကျင်းပသည့် ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် မိတ်သဟာယမိတ်ဆုံစားပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ စိန့်မေရီကာသီဒြယ် ကက်သလစ်ဘုရားကျောင်းတော်ကြီး၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✣

**ယနေ့ ဖတ်စရာ**

**စေတနာမှန်လျှင် သမိုင်းမော်ကွန်းတင်မည်**

ဆောင်းပါး

စာမျက်နှာ » ၆

**ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် အင်းလေးဒေသ ကျန်းမာသန့်ရှင်းရေးဆိုင်ရာ နည်းပညာအလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပ**

စာမျက်နှာ » ၁၀



**ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခြင်ဆီအစားထိုးကုသခြင်း အောင်မြင်စွာဆောင်ရွက်**

စာမျက်နှာ » ၁၇

ကြေးမုံ

# နိုင်ငံတော်နှင့်ပြည်သူပူးပေါင်းစွမ်းအား အကြမ်းဖက်အဖျက်သမားပျက်ပြား

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံး အနေဖြင့် မပူပင်မကြောင့်ကြ အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်လိုကြသည်။ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာနှင့် တန်းတူရည်တူ ရပ်တည်နေထိုင်လိုကြသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသောအခါ လွတ်လပ်ရေးနှင့်ထိုက်တန်သည့် ဖော်ပြခဲ့သော ပြည်သူများ၏ဆန္ဒအတိုင်း၊ နိုင်ငံတော်၏ မျှော်မှန်းထားချက်များနှင့်အညီ သန္နိဋ္ဌာန်ပြုခဲ့သည်။ အကောင်အထည်ဖော်မည်ဟု ဆုံးဖြတ်ခဲ့ကြသည်။

သို့သော် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးမှမကြာသေး၊ သုံးလခန့်တွင်ပင် နိုင်ငံရေး၊ လူမျိုးရေး၊ ဝါဒရေးတို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများ စတင်ပေါ်ပေါက်လာခဲ့သည်။ ၁၉၄၈/၄၉/၅၀ ဆယ်စုနှစ်တစ်ခုကာလအတွင်း တစ်နိုင်ငံလုံး မီးဟုန်းဟုန်း တောက်၍ တိုင်းပြည်တစ်ခုလုံး ပျက်စီးလုမတတ်ဖြစ်ခဲ့သည်။ တိုင်းရင်းသားပြည်သူများ ဆင်းရဲဒုက္ခရောက်ခဲ့ကြသည်။ သေကျေပျက်စီးပြီး နေအိမ်စည်းစိမ်ဥစ္စာများ ဆုံးရှုံးခဲ့ရသည်။ အဆိုပါအခြေအနေဆိုးကို တပ်မတော်က ရှိသည့်အင်အားများဖြင့် အစွမ်းကုန်ကာကွယ်ခဲ့သည်။ လွတ်လပ်ပြီးစတိုင်းပြည်ကို ပြန်လည်ကာကွယ်စောင့်ရှောက်ခဲ့ရာတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည် များစွာအထောက်အကူပြုခဲ့သည်။

တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ပြည်တွင်း/ပြည်ပ အန္တရာယ်ရန်စွယ်များကို တွန်းလှန်ဖယ်ရှားခဲ့သည်။ မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးနှင့် နောက်ခံသမိုင်းကြောင်း အမွေဆိုးများအရ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း စိတ်ဝမ်းကွဲပြားခြင်းကို ပြေပျောက်အောင် မလုပ်နိုင်ခဲ့သည်မှာ ဝမ်းနည်းစရာဖြစ်သည်။ အာဃာတကြီးမားခြင်း၏ဆိုးကျိုးကိုသိနားလည်ပြီး အမြင်မှန်မရနိုင်ကြသည်မှာလည်း စိတ်မကောင်းစရာဖြစ်သည်။ ခေတ်အဆက်ဆက်တွင် သောင်းကျန်းသူအဖျက်သမားများမှာ အမြစ်မပြတ်ဘဲ ဆက်၍ဆက်၍ ပေါ်ပေါက်နေသည်မှာ တိုင်းပြည်နှင့်လူမျိုးသာ ဆုံးရှုံးနစ်နာမှုဖြစ်ရသည်။

ခေတ်အဆက်ဆက် အစိုးရတို့သည် အားသာချက်၊ အားနည်းချက်များရှိမည် ဖြစ်သော်လည်း နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကိုရှေးရှု၍ တတ်နိုင်သမျှ ဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံတော်၏ အခွန်အခ၊ သယံဇာတအရင်းအမြစ်များမှရရှိသည့် ဘဏ္ဍာငွေကြေးများနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ခဲ့ကြသည်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ တိုင်းရင်းသားပြည်သူများအားလုံးအတွက် လမ်း၊ တံတားများ၊ အခြေခံအဆောက်အအုံများကို နိုင်ငံတစ်ဝန်းဖြန့်ကြက်၍ လွှမ်းခြုံဆောင်ရွက်ပေးခဲ့သည်။ နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်လာအောင်ဆောင်ရွက်ခဲ့သည်။ သို့သော်မြန်မာနိုင်ငံ၏ပကတိအခြေအနေအရသောင်းကျန်းသူအဖျက်သမားများ အမြစ်မပြတ်သဖြင့် အစိုးရက တည်ဆောက်လိုက်၊ သောင်းကျန်းသူများက ဖျက်ဆီးလိုက်နှင့် သံသရာလည်ပြီး တိုင်းပြည်ရှေ့မရောက်နိုင်ဖြစ်နေသည်မှာ ဝမ်းနည်းစရာဖြစ်သည်။

နိုင်ငံတော်အစိုးရများသည် ရရှိလာသည့် ဘဏ္ဍာငွေကြေးများကို သက်ဆိုင်ရာ နယ်ပယ်ကဏ္ဍများအားလုံးသို့ စနစ်တကျခွဲဝေပြီး တိုင်းပြည်အတွက် အကျိုးရှိထိရောက်အောင် ဆောင်ရွက်ခဲ့ကြသည်။ ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်အောင် ကြံစည်ကြိုးပမ်းအားထုတ်ကြသည်။ ပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာအောင် တတ်နိုင်သမျှ ဆောင်ရွက်ခဲ့ကြသည်။ ခေတ်အဆက်ဆက် ဆောင်ရွက်ချက်များ တည်တံ့ခိုင်မြဲပြီး ဆက်၍တိုးတက်နေပါက တိုင်းပြည်သည် နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်မည်မှာ သေချာသည်။ သို့သော် အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူများသည် တော်လှန်ရေးဟုကြွေးကြော်ပြီး ပြည်သူ့အရေးဟုလုံ့ဆော်ကာ မိမိဒေသ၊ မိမိတိုင်းပြည်ကို ဖျက်ဆီးနေကြသည်။ ပြည်ပမှ ထောက်ပံ့ပေးသော၊ အဓမ္မရရှိသော ငွေကြေးများဖြင့် ၎င်းတို့သက်ဆိုးရှည်အောင် ဖန်တီးပြီး ၎င်းတို့ဒေသကိုပင် ၎င်းတို့ကိုယ်တိုင်ဖျက်ဆီးရုံတင်မကဘဲ တိုင်းပြည်ပါ ပျက်စီး အောင် ပြုလုပ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

သာဓကအားဖြင့် မကြာသေးမီက အကြမ်းဖက်သောင်းကျန်းသူများက ဂုတ်ထိပ်တံတားကြီးနှင့် ဧရာဝတီတံတား(ရတနာသိင်္ခ)တို့ကို မိုင်းခွဲဖျက်ဆီးခဲ့သည်ကို အထင်အရှားတွေ့နိုင်သည်။ တံတားနှစ်စင်းပျက်စီးခြင်းကြောင့် တံတားတစ်စင်းတည်ဆောက်ရန်အတွက် မည်မျှခက်ခဲပြီး အကုန်အကျများသည်ကို ခန့်မှန်းကြည့်နိုင်သည်။ ပျက်စီးသွားသော တံတားနှစ်စင်းအား ပြန်လည်တည်ဆောက်ရန်အတွက် များစွာ အကုန်အကျခံရဦးမည်ဖြစ်သည်။ လတ်တလောတွင် ပြည်သူများ ကူးသန်းရောင်းဝယ် ဆက်သွယ်သွားလာမှု ပြတ်တောက်သွားခဲ့သည်။ ကုန်စည်ဈေးနှုန်းများ အဆမတန် မြင့်တက်သွားသည်။ ပြည်သူအားလုံး ထိခိုက်နစ်နာကြရသည်။

သို့ဖြစ်ရာ အကြမ်းဖက်သောင်းကျန်းသူများ ရှိနေသရွေ့၊ ဆက်လက်ပေါ်ထွန်းနေသရွေ့ တိုင်းပြည်မှာ ပျက်စီးမြဲ၊ နစ်နာမြဲဖြစ်နေမည်။ မအောင်မြင်သော တော်လှန်ရေးကိုဗန်းပြ၍ ကိုယ်ကျိုးရှာနေသော အကြမ်းဖက်သောင်းကျန်းသူများအား တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပူးပေါင်းလက်တွဲပြီး ဆန့်ကျင်ကန့်ကွက် တိုက်ဖျက်မည်ဆိုပါက သောင်းကျန်းသူအားလုံး အပြီးတိုင်ပျက်သုဉ်းသွားမည်ဖြစ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင် ဆောင်ရွက်ရေး။

## အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

**အဆင့်မြင့်ပညာဦးစီးဌာန**

ကြေညာချက်

**အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၆ ပညာသင်နှစ်၊ ပထမနှစ် အဝေးသင် သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၂၉-၁၂-၂၀၂၅ ရက်နေ့မှ ၃၁-၃-၂၀၂၆ ရက်နေ့ထိ လည်းကောင်း၊ ဒုတိယနှစ်နှင့်အထက် အဝေးသင် သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၄-၂-၂၀၂၆ ရက်နေ့မှ ၁၅-၅-၂၀၂၆ ရက်နေ့ထိ လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## ကျောက်တံတားမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကျောက်တံတား မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် ပြေစာအမှတ်တံဆိပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ အခွန်ပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်မြတ်စုက အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဦးထွန်းလင်းထွဋ်က ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများအား ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၃ - ၁၂ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၂၀၅ | ၁,၇၄၂,၅၀၀ |
| MTSH | ၃,၆၅၀ | ၃,၇၀၀ | ၁,၁၁၆ | ၄,၀၇၃,၄၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၁၃၀ | ၁,၀၂၇,၀၀၀ |
| FPB | ၂,၄၀၀ | ၂,၄၅၀ | ၃,၀၈၅ | ၇,၄၀၉,၃၀၀ |
| TMH | ၃,၁၀၀ | ၃,၁၀၀ | ၆၁၉ | ၁,၉၁၈,၉၀၀ |
| EFR | ၁,၆၅၀ | ၁,၆၀၀ | ၃၇၀ | ၅၉၂,၂၀၀ |
| AMATA | ၃,၇၀၀ | ၃,၉၀၀ | ၁၀၂ | ၃၇၇,၈၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၂၁၁ | ၆၅၄,၁၀၀ |
| MADPL(PLB) | ၂,၇၀၀ | ၂,၇၀၀ | ၁,၁၀၀ | ၂,၉၇၀,၀၀၀ |
| ASPGB(PLB) | ၂၀,၀၀၀ | ၂၀,၀၀၀ | ၆၀၀ | ၁၂,၀၀၀,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေးဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက် ရှို့ရှို့၊ စစ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန်တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

✣ ရှေ့ဖုံးမှ

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ မြန်မာနိုင်ငံခရစ်ယာန်ကောင်စီမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံကက်သလစ်သာသနာမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံခရစ်တော် သာသနာပြန့်ပွားမှုပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြန်မာနိုင်ငံရှိ ခရစ်ယာန်ဘာသာဝင်များ၊ ကက်သလစ်လူငယ်အဖွဲ့များနှင့် ခရစ်ယာန်ဘာသာဝင် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် စိန့်မေရီကာသီဒြယ်ကက်သလစ် ဘုရားကျောင်းတော်ကြီးသို့ ရောက်ရှိကြရာ ကက်သလစ်ဂိုဏ်းချုပ်သာသနာ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ကြိုဆိုနှုတ်ဆက်ပြီး ခရစ်ယာန်လူငယ်များက ခရစ်ယာန်ဓမ္မတေးသီချင်းများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေပြီး ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးနှင့် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုတို့သည် သီဆိုတီးမှုတ်ကပြဖျော်ဖြေခဲ့ကြသည့် ခရစ်ယာန်လူငယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**မှတ်တမ်းဗီဒီယိုအားကြည့်ရှု**

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် စိန့်မေရီကာသီဒြယ် ကက်သလစ်ဘုရားကျောင်းတော်ကြီးအတွင်းရှိ ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မြန်မာနိုင်ငံသို့ လာရောက်စဉ် အသုံးပြုခဲ့သည့် လှည့်လည်ယာဉ်များကို ကြည့်ရှုပြီး ပုပ်ရဟန်းမင်းကြီးဖရန်စစ် ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံသို့ လာရောက်စဉ် ဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုနှင့် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကက်သလစ်ဂိုဏ်းချုပ်သာသနာ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုတို့၏ ခရစ္စမတ်ဆုတောင်းပွဲများနှင့် မိတ်သဟာယပွဲတော်များ ကျင်းပပြုလုပ်ခဲ့မှု မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် အခမ်းအနားဒုတိယပိုင်း ကျင်းပမည့် ဘုရားကျောင်းတော်အတွင်းသို့ ရောက်ရှိကြရာ မြန်မာနိုင်ငံခရစ်ယာန်ကောင်စီမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ကက်သလစ်သာသနာမှ ဆရာတော်ကြီးများ၊

**စာမျက်နှာ ၄ သို့ ✣**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှနှင့် ကက်သလစ်ဂိုဏ်းချုပ်သာသနာ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုတို့ သီဆိုတီးမှုတ် ကပြဖျော်ဖြေခဲ့ကြသည့် ခရစ်ယာန်လူငယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ မှတ်တမ်းဗီဒီယိုအား ကြည့်ရှုကြစဉ်။

✣ **စာမျက်နှာ ၃ မှ**

မြန်မာနိုင်ငံ ဧဝံဂေလိ ခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ခရစ်တော်သာသနာပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ခရစ်တော်ကို မျှော်လင့်သော သတ္တမနေ့ အသင်းတော်မြန်မာနိုင်ငံ သာသနာအဖွဲ့ချုပ် သိက္ခာတော်ရ ဆရာဦးဖိုးဖိုးလှက အဖွင့်ဆုတောင်း စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဓမ္မတေးသီချင်း ကျူးချေါင်း “အိုသာယာသော မြန်မာပြည်တော်ကျူး” ဓမ္မသီချင်းအား စုပေါင်းသီဆိုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ခရစ်ယာန် အသင်းတော်များကောင်စီဥက္ကဋ္ဌ သာသနာပိုင်ချုပ်ကြီး စတီဗင် သန်းမြင့်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တေးသံရှင် ပန်းရောင်ခြယ်က ဂုဏ်တော်ချီးမွမ်းခြင်း သီချင်းအား သီဆိုသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ခရစ္စမတ် နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ရာသီသဘာဝနှင့် အခါသမယတို့ပေါင်းစုံချိန်တွင် ယခုကဲ့သို့ကျရောက်လာသည့် ခရစ္စမတ်ပွဲတော်နှင့်အတူ ခရစ်ယာန်ဘာသာဝင်များ၊ နိုင်ငံသူ နိုင်ငံသားများနှင့် ကမ္ဘာသူကမ္ဘာသားအားလုံး ဘာသာတရား၏ မေတ္တာရိပ်အောက်တွင် ချစ်ခြင်းမေတ္တာများနှင့် ငြိမ်းချမ်းသာယာခြင်း ရှိကြပါစေရန် ဆုမွန်ကောင်းဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း၊ ခရစ္စမတ်ပွဲတော်သည် လူသားများကြားတွင် ချစ်ခြင်းမေတ္တာတရားများကို လွှမ်းခြုံစေသည့်အပြင် ခရစ်ယာန်ဘာသာဝင်များ၏ မွန်မြတ်သည့် အနှစ်သာရတစ်ခုကို ထင်ဟပ်ပြသခြင်းလည်းဖြစ်သည်ကို ပြောကြားလိုကြောင်း။

ယနေ့ လူသားအားလုံး ခိုလှုံရာကမ္ဘာကြီးတွင် ကိုးကွယ်မှု ဘာသာများစွာရှိပြီး ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာဆိုသည့် အဓိကဘာသာကြီး လေးမျိုးအဖြစ် သတ်မှတ်ထားသည်ကို အားလုံးသိရှိကြပြီးဖြစ်ကြောင်း၊ ဘာသာတရားဆိုသည်မှာ အဆုံးအမတစ်ခုဖြစ်ပြီး ချစ်ခြင်းမေတ္တာ၊ ကရုဏာတရားနှင့် ကိုယ်ချင်းစာတရားများကို အခြေခံစည်းမျဉ်းများသဖွယ် တွေ့မြင်ကြရမည်လည်း ဖြစ်ကြောင်း၊ ကိုးကွယ်ရာဘာသာအလိုက် ချစ်ခြင်းမေတ္တာ၊ ကရုဏာတရားများ၏ လမ်းညွှန်ပြသမှုများကသာ လူသားများအတွက် ငြိမ်းချမ်း သာယာခြင်းများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်ကို လေးလေးနက်နက် ယုံကြည်မိကြောင်း။

✽ **ကိုးကွယ်ရာဘာသာအလိုက် ချစ်ခြင်းမေတ္တာ၊ ကရုဏာတရားများ၏ လမ်းညွှန်ပြသမှုများကသာ လူသားများအတွက် ငြိမ်းချမ်းသာယာခြင်းများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်ကို လေးလေးနက်နက် ယုံကြည်**

✽ **မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာဝင်များနှင့် အခြားသောဘာသာဝင်များသည် ရှေးနှစ်ပေါင်းမြောက်မြားစွာကတည်းက ယှဉ်တွဲမှီတင်းနေထိုင်လာခဲ့ကြ**

✽ **မည်သို့ပင် ကိုးကွယ်ရာကွဲပြားပါစေ ဘာသာဝင်အချင်းချင်းကြားတွင် ထိပါးစော်ကားခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ထိခိုက်နစ်နာစေလိုခြင်း အလျှင်းမရှိဘဲ အပြန်အလှန်လေးစားမှုတရားများကို မဏ္ဍိုင်ပြုကာ ပြည်ထောင်စု စိတ်ဓာတ်အပြည့်ဖြင့် ဆွေမျိုးရင်းချာ စိတ်ထားပြီး နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးအတွက် ဆောင်ရွက်ခဲ့ကြသည်ကို အားလုံးအသိပင်ဖြစ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်ပေါင်းစုံအဖွဲ့ချုပ်ကြီးများက တည်ခင်းဧည့်ခံသည့် မိတ်သဟာယ မိတ်ဆုံစားပွဲကို အတူတကွသုံးဆောင်ကြစဉ်။

လူမှုအဖွဲ့အစည်းတစ်ခုမှ စတင်ပြီး လူမှုအသိုက်အဝန်းကြီး တစ်ခုလုံးငြိမ်းချမ်းသာယာမှုသာ လူသားများရှင်သန်ရပ်တည်ရာ ကမ္ဘာကြီးကလည်း ငြိမ်းချမ်းသာယာမည်ဖြစ်ကြောင်း၊ လူသားတစ်ဦးနှင့်တစ်ဦးကြားတွင် စွန်းထင်းနေသည့် အမုန်းတရားများ၊ အငြိုးအာဃာတ တရားများသည် လူ့အသိုက်အဝန်းကြားတွင် နိုင်လိုမင်းထက်မှုများ၊ သတ်ဖြတ်ညှဉ်းဆဲမှုများစသည့် ဒုစရိုက်တရားများကိုသာ ဆင့်ကဲဖြစ်ပေါ်စေကြောင်း၊ ဘာသာတရားများ၏ အဆုံးအမများဖြစ်သည့် ချစ်ခြင်းမေတ္တာ၊ ကရုဏာတော်များကသာလျှင် ဒုစရိုက်တရားများကို ပယ်ဖျက်နိုင်မည်ဖြစ်ပြီး လွှမ်းခြုံလာသည့် ချစ်ခြင်းမေတ္တာများနှင့် အေးချမ်းသာယာသည့် ကမ္ဘာကြီးအဖြစ် ဖန်တီးနိုင်မည်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

နိုင်ငံတော်အတွင်း ကိုးကွယ်ခွင့်ဆိုင်ရာနှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၏ ပုဒ်မ ၃၄ တွင် **“ငြိမ်ဝပ်ပိပြားရေးနှင့် သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော် လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့် သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော် လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာသာသနာရေးတွင် လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ် ဆောက်တည်နိုင်သော အခွင့်အရေးတို့ကိုအညီအမျှ ရရှိစေရမည်”** ဟု အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်သည့် အတွက် မည်သည့်ဘာသာကို မဆို လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ပေးထားပြီး ဖြစ်သည်ကို ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ် ဘာသာဝင်များနှင့် အခြားသောဘာသာဝင်များသည် ရှေးနှစ်ပေါင်း မြောက်မြားစွာကတည်းက ယှဉ်တွဲမှီတင်းနေထိုင်လာခဲ့ကြခြင်းပင် ဖြစ်ကြောင်း၊ မည်သို့ပင် ကိုးကွယ်ရာကွဲပြားပါစေ ဘာသာဝင်အချင်းချင်းကြားတွင် ထိပါးစော်ကားခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ထိခိုက်နစ်နာစေလိုခြင်းအလျှင်းမရှိဘဲ အပြန်အလှန်လေးစားမှုတရားများကို မဏ္ဍိုင်ပြုကာ ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် ဆွေမျိုးရင်းချာ စိတ်ထားပြီး နိုင်ငံတော်၏ ကောင်းရာ ကောင်းကျိုးအတွက် ဆောင်ရွက်ခဲ့ကြသည်ကို အားလုံး အသိပင်ဖြစ်ကြောင်း။

ရင်းနှီးနွေးထွေးသည့် ဘာသာဝင်များကြားမှ အဆိုပါအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန် လိုအပ်ပြီး စည်းလုံးညီညွတ်မှု ပြိုကွဲအောင်၊ လေးစားယုံကြည်မှု လျော့ပါးအောင် လုပ်ဆောင်လာသည့် မည်သည့်သွေးထိုး နှောင့်ယှက်မှုမျိုးကိုမဆို မိသားစုစိတ်ရင်းဖြင့် လက်တွဲပူးပေါင်း ကာကွယ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဘာသာတရားတိုင်းတွင် အကျင့်တရား၊ စောင့်ထိန်းအပ်သောတရားဆိုသည့် ဘုံတူညီမှုများကို တွေ့ရှိရပြီး အဆိုပါအကျင့်တရားများသည် စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်မှုကို အဓိကအခြေခံထားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ စိတ်ပိုင်းဆိုင်ရာ ဖြူစင်သန့်ရှင်းမှုများသည် လူသားများအတွက် **စာမျက်နှာ ၅ သို့** ✣



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

✣ စာမျက်နှာ ၄ မှ

ရှပ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းသော ဖွံ့ဖြိုးတိုးတက်မှုများကို အင်အားကြီးမားစွာ အထောက်အပံ့ပေးနိုင်ပြီး လူမှုအသိုက်အဝန်းတစ်ခုလုံးကို စည်ပင်သာယာဝပြောအောင် ဆောင်ရွက်ပေးနိုင်ခြင်း ဖြစ်သဖြင့် ဘာသာတရားသည် မွန်မြတ်သော အဆုံးအမအဖြစ် ခိုင်ခိုင်မာမာ ယုံကြည်သည်ကို ပြောကြားလိုကြောင်း။

ထိုသို့ ဘာသာတရားများအပေါ် အခြေခံပြီး ဖြစ်တည်လာသည့် ငြိမ်းချမ်းခြင်းတရားများကို ကိုယ်စီလက်ကိုင်ထားကာ တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီး ပေါ်ပေါက်လာစေရေးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း အပေါ် ငြိမ်းချမ်းစွာ လျှောက်လှမ်းသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ယနေ့ကဲ့သို့ အခါသမယကောင်းဖြစ်သည့် ခရစ္စမတ် ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားတွင် ဦးဆောင်ကျင်းပပေးကြသည့် ခရစ်ယာန်ဘာသာဝင် ဆရာတော်ကြီးများနှင့် ဘာသာဝင်များ၊ တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ နိုင်ငံသူနိုင်ငံသားများ၊ ကမ္ဘာတစ်ဝန်းတွင် နေထိုင်ကြသည့် ခရစ်ယာန်ဘာသာဝင်များအားလုံး မွေးနေ့တော်မှစ၍ ငြိမ်းချမ်းခြင်း အနှစ်သာရများကို ကိုယ်စီပိုင်ဆိုင်ပြီး ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဆန္ဒမွန်ဖြင့် ဆုတောင်းလိုက်ပါကြောင်း ပြောကြားသည်။

**ဆုတောင်းစကားပြောကြား**

ယင်းနောက် မြန်မာနိုင်ငံ ဇဝံဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရ ဆရာဒေါက်တာ ဦးအေးမင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအတွက် အထူးဆုတောင်းစကား ပြောကြားပြီး မက်သဒစ် အသင်းတော် (အောက်မြန်မာပြည်) မက်သဒစ် အင်္ဂလိပ်အသင်းတော် သံစုံတီးဝိုင်းအဖွဲ့က ခရစ္စမတ်သံစုံ ဓမ္မတေးသီချင်းအား သီဆိုတီးမှုတ်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ခရစ်ယာန်သာသနာ ပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ချုပ် ဥက္ကဋ္ဌ သိက္ခာတော်ရဆရာ ဒေါက်တာမျိုးမြင့်ဦး ဦးဆောင်၍ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက မွေးနေ့တော်ပွဲ အတုံ့အပြန် ဖတ်ကြားခြင်းကို လည်းကောင်း၊ Sister ရှူဖီးက သမ္မာကျမ်းစာ ဖတ်ကြားခြင်းကို လည်းကောင်း၊ ခရစ္စမတ် ဓမ္မဒေသနာချီးမြှင့်ဟောကြားခြင်းကို ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက လည်းကောင်း ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီးတို့ထံ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၊ သာသနာပိုင်ချုပ်ကြီး စတီဗင် သန်းမြင့်ဦးနှင့် သိက္ခာတော်ရ ဆရာ ဒေါက်တာ အေးမင်းတို့က ခရစ္စမတ်အမှတ်တရ မေတ္တာလက်ဆောင်၊ ခရစ္စမတ် ဆုတောင်းလွှာနှင့် ကျောက်စီပန်းချီကားကို ပေးအပ်ရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က ခရစ္စမတ် အထိမ်းအမှတ် လက်ဆောင်များကို ပြန်လည်ပေးအပ်သည်။

ယင်းနောက်သိက္ခာတော်ရဆရာမန်းပါမာစတန်က ကျေးဇူးတင်စကားပြောကြားပြီး သိက္ခာတော်ရ ဒေါက်တာ မောရစ်လျန်နာက ခရစ္စမတ်အခါသမယ မိတ်သဟာယ မိတ်ဆုံစားပွဲ ဖြစ်မြောက်ရေးနှင့် ပါဝင်ပေးခဲ့သူများအားလုံးအတွက် ကျေးဇူးတော်ချီးမွမ်းခြင်းကို ဆောင်ရွက်သည်။

ဆက်လက်၍ “တိတ်ဆိတ်ညသန့်ရှင်းည” ဓမ္မသီချင်းကို ပရိသတ်များက သံပြိုင်သီဆိုကြသည်။ ထို့နောက် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ခရစ္စမတ် ကောင်းချီးဆုမွန်စကား ပြောကြားရာတွင် မင်္ဂလာရှိသော ခရစ္စမတ် အခါသမယတွင် ခရစ်ယာန် ဘာသာဝင်များ သာမက ကမ္ဘာပေါ်ရှိ လူသားအားလုံး ခရစ္စမတ်၏ကောင်းခြင်း မင်္ဂလာတို့ဖြင့် ပြည့်စုံပါစေကြောင်း၊ နှစ်သစ်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာဝပြောပါစေကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး မိသားစု၊ မြန်မာပြည်သူပြည်သားအားလုံး ကောင်းချီးမင်္ဂလာများ ရရှိပါစေကြောင်း ဆုမွန်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များ၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များသည် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော် ပေါင်းစုံအဖွဲ့ချုပ်ကြီးများက တည်ခင်းဧည့်ခံသည့် မိတ်သဟာယ မိတ်ဆုံစားပွဲကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မိုင်းဆတ်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံ စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ယနေ့ နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများက နယ်မြေခံ တပ်ဌာနချုပ် အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံသည်။

**ညှိနှိုင်းဆောင်ရွက်**

တွေ့ဆုံစဉ် တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူ တစ်ဦးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြိတ်မြို့အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံ စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်မြေခံ တပ်မတော်ဆေးရုံမှ ဆေးတပ်ဖွဲ့ဝင်များက ကျန်းမာရေးစောင့်ရှောက်ပေးကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# စေတနာမှန်လျှင် သမိုင်းမော်ကွန်းတင်မည်

မောင်ကောင်း

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လန်ဒန်အခြေစိုက် ဘီဘီစီသတင်းဌာနကို အသရေဖျက်မှုနဲ့ ဒီဇင်ဘာလ ၁၅ ရက်နေ့မှာ တရားစွဲဆိုလိုက်ပြီး နစ်နာကြေးအဖြစ် ဒေါ်လာ ၁၀ ဘီလီယံပေးဖို့ တောင်းဆိုလိုက်ပါတယ်။ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့မှာ ပြောကြားခဲ့တဲ့ ထရမ့်ရဲ့မိန့်ခွန်းကို ဘီဘီစီသတင်းဌာနက အစီအစဉ်တစ်ခုမှာ တည်းဖြတ်ထုတ်လွှင့်မှုနဲ့ပတ်သက်လို့ တရားစွဲဆိုလိုက်တာလည်း ဖြစ်ပါတယ်။ သမ္မတထရမ့်ရဲ့ တရားစွဲဆိုမှုမှာ အမှုနှစ်ခုပါဝင်ပြီး စွဲချက်တစ်ခုကို ဒေါ်လာငါးဘီလီယံနဲ့ စွဲချက်နှစ်ခုလုံးအတွက် စုစုပေါင်း ဒေါ်လာ ၁၀ ဘီလီယံလျော်ကြေးပေးဖို့ သမ္မတဒေါ်နယ်ထရမ့်က ဘီဘီစီကို တောင်းဆိုထားပါတယ်။

ဘီဘီစီသတင်းဌာနရဲ့ Panorama အစီအစဉ်မှာ ထရမ့်ရဲ့ မိန့်ခွန်းကို တည်းဖြတ်ထုတ်လွှင့်ခဲ့မှုဟာ ဆိုးဆိုးရွားရွားကျူးလွန်ခဲ့တဲ့ အမှားအယွင်းတစ်ခုဖြစ်ပြီး သမ္မတထရမ့်ရဲ့ ဂုဏ်သိက္ခာကို ကျဆင်းစေခဲ့ပါတယ်။ မိန့်ခွန်းကိုတည်းဖြတ်ရာမှာ အမှားအယွင်းရှိခဲ့ကြောင်းနဲ့ မိန့်ခွန်းတည်းဖြတ်မှုကြောင့် ထရမ့်က အကြမ်းဖက်လုပ်ဆောင်ဖို့ တိုက်ရိုက်လှုံ့ဆော်ခဲ့တယ်လို့ မှားယွင်းတဲ့အထင်အမြင် ဖြစ်ပေါ်စေခဲ့ကြောင်း ဘီဘီစီက ဝန်ခံခဲ့တာဟာ အမှားအယွင်းကိုရည်ရွယ်ချက်ရှိရှိနဲ့လုပ်ခဲ့တာ ထင်ရှားနေပါတယ်။ ဒါပေမဲ့ ဘီဘီစီကတော့ သမ္မတထရမ့်အနေနဲ့ တရားစွဲဆိုဖို့ကြိုးပမ်းတာဟာ ဥပဒေကြောင်းအရ အခြေအမြစ်မရှိဘူးလို့ ငြင်းဆန်ထားပါတယ်။

အမေရိကန်နဲ့ ဗြိတိန်က မီဒီယာတွေနဲ့ သမ္မတထရမ့် အစေးမကပ်မှုတွေက တစ်ယောက်အမှားကို တစ်ယောက်စောင့်တွယ်ရင်း အပြန်အလှန်ဖြစ်နေကြပုံပါ။ စီအင်န်အင်န်၊ နယူးယောက်တိုင်းမ်၊ ဘီဘီစီစတဲ့ မီဒီယာတွေက ထရမ့်ရဲ့အမူအရာတွေ၊ ဆုံးဖြတ်ချက်တွေကို စောင့်ကြည့်နေကြပြီး အဆိုးမြင်ဘောင်(Negative Frame) ထဲကသာ ဖော်ပြနေကြတာဖြစ်ပါတယ်။ ဒါကြောင့် ထရမ့်ဟာ မိမိပေးချင်တဲ့ အချက်အလက်ကို တွစ်တာလိုမျိုး လူမှုကွန်ရက်ကနေ တိုက်ရိုက်ပေးပြီး အစဉ်အလာမီဒီယာတွေကို အယုံအကြည်ကင်းမဲ့စွာနဲ့ ပြင်းပြင်းထန်ထန် ဆန့်ကျင်တတ်ပါတယ်။ မီဒီယာတွေကလည်း ထရမ့်ရဲ့ အမှားကိုသာ စောင့်ဖမ်းပြီး သတင်းလုပ်နေကြတာကြောင့် ထရမ့်နဲ့ မီဒီယာတွေရဲ့ကြားမှာ ကွာဟချက်ကကြီးမားပြီး တစောင်းစေးနဲ့ မျက်ချေးပမာ ရှိနေတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ အခု ဘီဘီစီနဲ့ဖြစ်တဲ့ ပြဿနာက ဖြစ်ရိုးဖြစ်စဉ်ပြဿနာတွေထက် ကြီးမားပြီး အသရေဖျက်မှုနဲ့ ပြည်နယ်ဥပဒေချိုးဖောက်မှုတို့အတွက် တောင်းဆိုထားတဲ့ လျော်ကြေး ၁၀ ဘီလီယံကတော့ ရမရ စောင့်ကြည့်ကြရမှာပါ။

**တစ်ဆက်တည်းမှာပဲ ပြောချင်တာကတော့ မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲနီးလာချိန် လူမှုကွန်ရက်တွေမှာ သတင်းတု၊ သတင်းမှားတွေနဲ့ ရွေးကောက်ပွဲကို တိုက်ခိုက်မှုတွေ ခပ်စိပ်စိပ် ပြုလုပ်လာကြတာဖြစ်ပါတယ်။ Justice for Myanmar လိုမျိုး ပြည်ပရောက်အကြမ်းဖက်အားပေး အဖွဲ့အစည်းတွေကလည်း ၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီးလုပ်တဲ့အနေနဲ့ အတုအယောင် ရွေးကောက်ပွဲ (Sham Election) လို့တစ်မျိုး၊ အာဏာသိမ်းမှုကို တရားဝင်အောင်လုပ်ဖို့ အစီအစဉ် စသဖြင့်တစ်ဖုံ စွပ်စွဲပုတ်ခတ်ပြောကြားနေကြပြီး ရွေးကောက်ပွဲအပေါ် ပြည်သူလူထုရဲ့ ယုံကြည်မှု ပျက်စီးအောင်၊ မဲပေးလိုစိတ် လျော့နည်းအောင် လုပ်ကြံနေကြပါတယ်။**

ဒါ့အပြင် အဲဒီအဖွဲ့အစည်းတွေဟာ ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ အာဆီယံ၊ အမေရိကန်၊ ဥရောပနိုင်ငံ အစိုးရတွေကို မြန်မာနိုင်ငံမှာ ကျင်းပမယ့် ရွေးကောက်ပွဲကို အသိအမှတ်မပြုဖို့၊ စောင့်ကြည့်လေ့လာသူတွေ စေလွှတ်ခြင်းမပြုဖို့၊ အနိုင်ရသူကို လက်မခံဖို့ စသဖြင့် နိုင်ငံတကာကို လှုံ့ဆော်နေကြပါတယ်။ သူများနိုင်ငံမှာရှိတဲ့ အမတ်တချို့တလေက မြန်မာအစိုးရ၊ မြန်မာနိုင်ငံ ရွေးကောက်ပွဲအပေါ် မှတ်ချက်တစ်စုံတစ်ရာ ပြောလိုက်ရုံမျှနဲ့ တစ်စိတ်ကို တစ်အိတ်လုပ် ပုံကြီးချဲ့ပြီး သတင်းထုတ်လွှင့်ကြတာက ပြည်ပြေး အကြမ်းဖက်အားပေးမီဒီယာတွေရဲ့ ရိုးရာတစ်ခုအဖြစ် အမြစ်တွယ်နေပြီဖြစ်ပါတယ်။

နိုင်ငံတိုင်းအတွက် ရွေးကောက်ပွဲကာလမှာ သတင်းတု၊ သတင်းမှားတွေ အလွန်အမင်း ပေါ်ပေါက်တတ်တာကတော့ ဖြစ်ရိုးဖြစ်စဉ်ပါပဲ။ ယနေ့ခေတ်လို လူမှုကွန်ရက်မီဒီယာတွေရဲ့ သက်ရောက်မှုကြောင့် သတင်းအချက်အလက်တွေကို အမှားအမှန်ခွဲခြားဖို့ ခက်ခဲလာပြီး သတင်းကို လက်နက်တစ်ခုအဖြစ် အသုံးချလာမှုက ပိုမိုမြင်တွေ့နေရပါတယ်။

**သတင်းတု၊ သတင်းမှား၊ လုပ်ကြံသတင်းတွေ ပိုမိုများပြားလာ**

မြန်မာနိုင်ငံမှာလည်း ရွေးကောက်ပွဲနီးကပ်လာတာနဲ့အမျှ သတင်းတု၊ သတင်းမှား၊ လုပ်ကြံသတင်းတွေ ပိုမိုများပြားလာပြီး မီဒီယာအနိုင်ကျင့်မှု (Media Bullying) ပုံစံတွေနဲ့ ရွေးကောက်ပွဲရဲ့ ယုံကြည်မှုကို ထိခိုက်စေဖို့ ကြိုးပမ်းမှုတွေ ဆက်တိုက်မြင်တွေ့နေရတယ်။ ဥပမာအားဖြင့် Justice For Myanmar လို အဖွဲ့အစည်းတွေရဲ့ စွပ်စွဲချက်တွေ၊ နိုင်ငံတကာမီဒီယာအချို့ရဲ့ တစ်ဖက်သတ်ဖော်ပြမှုတွေဟာ သတင်းရယူတဲ့ ပြည်သူတွေနဲ့ နိုင်ငံတကာကို မှားယွင်းတဲ့အထင်အမြင်ဖြစ်စေတာကို မြင်ရတယ်။

USAID Funding ရပ်ဆိုင်းလိုက်တဲ့အတွက် လုပ်ငန်းတွေ အတောသပ်သွားခဲ့တဲ့ မီဒီယာအချို့ကလည်း မြန်မာနိုင်ငံ ရွေးကောက်ပွဲကို အခွင့်အရေးအဖြစ် အသုံးချဖို့အတွက် အဟောင်းတွေကို ပြန်လည်ဖော်ထုတ်တာ၊ မသေချာမရေရာတဲ့ သတင်းအချက်အလက်တွေ သုံးပြီး ပြန်လည်လှုပ်ရှားလာကြတာကိုလည်း သတိပြုကြရမှာဖြစ်ပါတယ်။ ဒါတွေကို သတင်းလွတ်လပ်ခွင့်လို့ ခေါင်းစဉ်တပ်ထားပေမယ့် နိုင်ငံရေးအာဂျင်ဒါအခြေပြု သတင်းလုပ်ငန်းတွေအဖြစ် ပြောင်းလဲသွားနိုင်တဲ့ အန္တရာယ်ပါပဲ။

အတွေ့အကြုံတွေအရ မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲကာလတိုင်းမှာ သတင်းတု၊ သတင်းမှားတွေက နည်းပညာအသစ်တွေနဲ့အတူ ပိုမိုလျင်မြန်စွာပျံ့နှံ့လာတတ်တာကို မြင်တွေ့ရတတ်ပါတယ်။ ယခင် ရွေးကောက်ပွဲကာလတုန်းကလည်း မဲရုံဖွင့်ချိန် ပြောင်းလဲသွားတယ် ဆိုတဲ့သတင်းအတုမျိုးနဲ့ မဲပေးလိုစိတ်ကိုကျဆင်းဖို့ရည်ရွယ်တဲ့ သတင်းတုမျိုးစုံကို တွေ့ခဲ့ကြရပါတယ်။ မကြာခင်ကျင်းပမယ့် ရွေးကောက်ပွဲကာလမှာလည်း နည်းလမ်းဟောင်းတွေကို နည်းပညာအသစ်နဲ့ ပြန်လည်အသုံးချလာကြမှာ မလွဲမသွေပါပဲ။ သတင်းတု၊ သတင်းမှားတွေကို နိုင်ငံရေးရည်ရွယ်ချက်အတွက် လက်နက်တစ်ခုအဖြစ် အသုံးချလာသူတွေဟာ နိုင်ငံ့အကျိုးအတွက် ရွေးကောက်ပွဲ အောင်မြင်တာကို မလိုလားသူတွေဖြစ်ကြောင်း အလွယ်တကူ သုံးသပ်သိရှိနိုင်ပါတယ်။

ဒီလိုအခြေအနေမှာ ရွေးကောက်ပွဲကို အနီးကပ်စောင့်ကြည့်လာမယ့် ပြည်ပသတင်းသမားတွေက ကိုယ်တွေ့မျက်မြင်တွေ့ရှိရတဲ့ အချက်အလက်တွေကို အခြေခံပြီး မျှတမှုရှိရှိ ဖော်ပြနိုင်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေကို နိုင်ငံတကာက ပိုမိုနားလည်လာစေနိုင်မှာဖြစ်ပါတယ်။

**ကိုယ်တွေ့မျက်မြင်တွေ့ကြရမှာဖြစ်**

ဘယ်သူတွေဘာပဲပြောနေနေ ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပတော့မှာဖြစ်ပြီး မြန်မာနိုင်ငံရဲ့ အကျိုးစီးပွားကို လိုလားတဲ့ မိတ်ဖက်နိုင်ငံတွေက ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတွေ မကြာမီရောက်ရှိလာကြတော့မှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ သတင်းရယူဖို့အတွက် ပြည်ပနိုင်ငံအသီးသီးက သတင်းထောက်တွေ၊ သတင်းစာဆရာတွေ ရောက်လာကြမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်ကို ကိုယ်တွေ့မျက်မြင်တွေ့ကြရမှာဖြစ်သလို မိမိတို့နိုင်ငံနဲ့ ပြည်သူအပေါ် အမှန်အတိုင်းသိရှိနားလည်နိုင်ကြမှာလည်းဖြစ်ပါတယ်။ ကမ္ဘာ့မီဒီယာတွေမှာ တွေ့မြင်ကြားသိနေကြရတဲ့ မြန်မာနိုင်ငံရဲ့အခြေအနေနဲ့ သတင်းသမားတွေကိုယ်တိုင်ကြုံတွေ့ရတဲ့ မြန်မာနိုင်ငံရဲ့အခြေအနေတို့ရဲ့ ကွာခြားချက်တွေကိုလည်း နှိုင်းယှဉ်သိရှိနိုင်မှာဖြစ်ပါတယ်။

ပြည်ပကရောက်လာမယ့် သတင်းထောက်နောက်တစ်မျိုးကတော့ မြန်မာနိုင်ငံနဲ့ပတ်သက်ရင် အဆိုးမြင်ဘောင် (Negative Frame) ကို အသေခတ်ထားတဲ့ သတင်းဌာနက သတင်းထောက်တွေဖြစ်ပြီး အယ်ဒီတာအဖွဲ့ရဲ့ ကြိုတင်အာဂျင်ဒါနဲ့ Guide Line တွေ ချမှတ်ပေးလိုက်တဲ့အတိုင်း မမှန်မကန်ရေးသားကြမယ့်သူတွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ သူတို့တွေ့ကြုံရတာတွေ ဘယ်လောက်ပဲကောင်းနေနေ မကောင်းတာကိုသာ ရွေးချယ်ဖော်ပြထုတ်လွှင့်ကြမှာဖြစ်ပါတယ်။ သူတို့ကို တရားဝင်ကိန်းဂဏန်းတွေ၊ အချက်အလက်တွေ ဘယ်လောက်ပံ့ပိုးပေးပါစေ အဲဒါတွေကို သတင်းအချက်အလက်အဖြစ် အသုံးပြုမှာမဟုတ်ဘဲ သူတို့စိတ်ကြိုက်ပုံဖော်နိုင်ဖို့ မရေမရာ အတည်မပြုနိုင်တဲ့ သတင်းအချက်အလက်တွေနဲ့ သတင်းအဆိုးတွေ ရေးသားထုတ်လွှင့်ကြမှာပဲဖြစ်ပါတယ်။

**“တစ်ဆက်တည်းမှာပဲ ပြောချင်တာကတော့ မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲနီးလာချိန် လူမှုကွန်ရက်တွေမှာ သတင်းတု၊ သတင်းမှားတွေနဲ့ ရွေးကောက်ပွဲကို တိုက်ခိုက်မှုတွေ ခပ်စိပ်စိပ် ပြုလုပ်လာကြတာဖြစ်ပါတယ်။ Justice for Myanmar လိုမျိုး ပြည်ပရောက် အကြမ်းဖက်အားပေး အဖွဲ့အစည်းတွေကလည်း ၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီးလုပ်တဲ့အနေနဲ့ အတုအယောင်ရွေးကောက်ပွဲ (Sham Election) လို့တစ်မျိုး၊ အာဏာသိမ်းမှုကို တရားဝင်အောင်လုပ်ဖို့ အစီအစဉ် စသဖြင့်တစ်ဖုံ စွပ်စွဲပုတ်ခတ်ပြောကြားနေကြပြီး ရွေးကောက်ပွဲအပေါ် ပြည်သူလူထုရဲ့ယုံကြည်မှု ပျက်စီးအောင်၊ မဲပေးလိုစိတ် လျော့နည်းအောင် လုပ်ကြံနေကြပါတယ်”**

**“ဘယ်သူတွေဘယ်လိုပဲဖျက်ဖျက် မပျက်နိုင်ပါဘူး ဆိုသလိုပဲ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ လွတ်လပ်ပြီးတရားမျှတစွာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသူ နိုင်ငံသားတွေလည်း ဘယ်လိုဖိအား၊ ဘယ်လိုခြိမ်းခြောက်မှုမှမပါရှိဘဲ မိမိတို့ဆန္ဒရှိတဲ့အတိုင်း လွတ်လပ်စွာဆန္ဒမဲပေးကြရတော့မှာလည်းဖြစ်ပါတယ်။ နိုင်ငံ့တာဝန်ကို ယာယီထိန်းသိမ်းထားရတဲ့ လက်ရှိ နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲပြီးဆုံးချိန်မှာ ပေါ်ပေါက်လာမယ့်အစိုးရအဖွဲ့ကို နိုင်ငံတော်တာဝန်တွေ လွှဲပြောင်းပေးအပ်သွားမှာလည်းဖြစ်ပါတယ်။ မကြာမီကျင်းပတော့မယ့် ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းရဲ့ အကျိုးအတွက်သာမက ဒေသတွင်းနဲ့ ကမ္ဘာ့နိုင်ငံတွေရဲ့ အကျိုးအတွက်ပါ အရေးပါတဲ့ လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါတယ်။ ဒါပေမဲ့ နိုင်ငံကို ပျက်စီးလိုသူတွေ၊ မိမိတို့ကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်လိုသူတွေနဲ့ နောက်လိုက်နောက်ပါတွေကတော့ ရွေးကောက်ပွဲကို ထောက်ခံမှာမဟုတ်ဘဲ ဆန့်ကျင်မှုတွေကို ဆက်လက်ပြုလုပ်နေမှာပဲ”**

စာမျက်နှာ ၇ သို့ ○

# လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေး ဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၃**

လူငယ် ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရေး ဦးစီးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် M Gallery ဟိုတယ်၌ကျင်းပရာ လူငယ် ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှဒုတိယဝန်ကြီးများ၊အမြဲတမ်း အတွင်းဝန်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများက ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အခမ်းအနားအား ငြိမ်းချမ်းရေးကို စိတ်ဝင်စားသည့် လူငယ်များ စုပေါင်းပါဝင်ဆွေးနွေးသည့် ပုံစံမျိုးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူငယ်များ၏ အသံစုံလင်စွာရရှိရန် စီစဉ်ထားကြောင်း၊ ဖိုရမ်အတွက်လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီများအား ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာ ကော်မတီအလိုက် မိမိတို့ လုပ်ငန်းတာဝန်များတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် အသေးစိတ်ကို ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်ဦးစီးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဖိုရမ်တွင် လူငယ်များ၏ အသံစုံလင်စွာရရှိရန် စီစဉ်ထားမှု၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများ အနေဖြင့် ပါဝင်ဆွေးနွေးမည့် လူငယ် ကိုယ်စားလှယ်များအား သတ်မှတ်ချက်အလိုက် ရွေးချယ်ပေးစေလိုမှု၊ လူငယ်ငြိမ်းချမ်းရေး ဖိုရမ် ကျင်းပရေးလုပ်ငန်းကိစ္စရပ်များ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု အခြေအနေများ၊ ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီအဖွဲ့ဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက လူငယ်နှင့် ငြိမ်းချမ်းရေးကဏ္ဍ၏ အရေးပါမှု အခြေအနေ၊ ငြိမ်းချမ်းရေးသည် အရေးကြီးသည့်အတွက် အစိုးရ အဆက်ဆက် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှု၊ လက်ရှိနိုင်ငံ၏ပကတိ ဖြစ်ပေါ်တိုးတက်မှုနှင့် လူငယ်များ၏အခန်းကဏ္ဍ အရေးပါမှုနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

လူငယ်ငြိမ်းချမ်းရေးဖိုရမ်အား ငြိမ်းချမ်းရေးနှင့် လူမှုအသိုက် အဝန်းတည်ငြိမ်ရေးတွင် လူငယ်များ၏ ဆောင်ရွက်ချက်များ အရေးကြီးသည်ကို ပေါ်လွင်စေရန်၊ အပြုသဘောဆောင်သော ပတ်ဝန်းကျင်တစ်ရပ်တွင် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သော ကိစ္စရပ်များ၊စိတ်သဘောထားများ နှင့်ပတ်သက်၍ ဆွေးနွေးအဖြေရှာရန်နှင့် လူငယ်များအတွက် အခွင့်အလမ်းများ ဖန်တီးပေးရန်၊ ငြိမ်းချမ်းသော အသိုက်အဝန်းများ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုကို အထောက်အပံ့ဖြစ်စေရန်နှင့် ရွေးကောက်ပွဲလွန်ကာလ၌ လူငယ်များ၏ လက်တွေ့ကျသော အခန်းကဏ္ဍကို ဖော်ထုတ်ရန်၊ တွေ့ဆုံဆွေးနွေးခြင်း၊ ကြားဝင်ဖျန်ဖြေခြင်းနှင့် တာဝန်ယူမှုရှိသော ဆက်သွယ် ဆောင်ရွက်ခြင်းတို့တွင် လူငယ်များ၏ စွမ်းရည်များ ပိုမိုခိုင်မာလာစေရန်၊ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး၊ လူမှုရေးလုပ်ငန်းဆိုင်ရာ အနာဂတ်စီမံချက်တစ်ရပ် ရေးဆွဲနိုင်ရေး အထောက်အပံ့ဖြစ်စေမည့် လူငယ်များ၏အကြံပြုချက်များ ပေါ်ထွက်လာစေရန်နှင့် လူငယ်ငြိမ်းချမ်းရေး ဖိုရမ်မှ ပေါ်ထွက်လာသည့် အကြံပြုချက်များကို စုစည်း၍ အနာဂတ်နိုင်ငံတော် တည်ဆောက်ရေး အတွက် လူငယ်မူဝါဒဆိုင်ရာ စာတမ်းတစ်ရပ် ရေးဆွဲတင်ပြနိုင်ရန်တို့ကို ရည်ရွယ်၍ ကျင်းပဆောင်ရွက်မည်ဖြစ်သည်။

လူငယ်ငြိမ်းချမ်းရေးဖိုရမ်တွင် ဆွေးနွေးပွဲကဏ္ဍ များအတွက် သီးခြားရွေးချယ်ထားသည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ နယ်ပယ်အသီးသီးမှ ကျွမ်းကျင် လူငယ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ် ကိုယ်စားလှယ်များ၊ မသန်စွမ်း လူငယ်များ၊ လူထုအခြေပြုအဖွဲ့ အစည်းများမှ စေတနာ့ဝန်ထမ်း လူငယ်များ၊ ပရဟိတအသင်းအဖွဲ့ များနှင့် NGO လူငယ်ကွန်ရက် အဖွဲ့များမှလူငယ်များ၊ နယ်စပ်ဒေသများမှ တိုင်းရင်းသားလူငယ်များနှင့် IDP စခန်းများမှ လူငယ်များအား ဖိတ်ကြားနိုင်ရေး စီစဉ်လျက်ရှိပြီး အုပ်စုအသီးသီးမှ လူငယ်ကိုယ်စားလှယ်များ အနေဖြင့် အသက် ၁၈ နှစ်မှ ၃၅ နှစ် အတွင်းရှိသည့် လူငယ်ကိုယ်စားလှယ်များအား ဖိတ်ကြားသွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

○ စာမျက်နှာ ၆ မှ

ဘယ်သူတွေဘယ်လိုပဲဖျက်ဖျက် မပျက်နိုင်ပါဘူး ဆိုသလိုပဲ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ လွတ်လပ်ပြီး တရားမျှတစွာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသူ နိုင်ငံသားတွေလည်း ဘယ်လို ဖိအား၊ ဘယ်လိုခြိမ်းခြောက်မှုမှ မပါရှိဘဲ မိမိတို့ဆန္ဒရှိတဲ့အတိုင်း လွတ်လပ်စွာ ဆန္ဒမဲပေးကြရတော့မှာလည်းဖြစ်ပါတယ်။ နိုင်ငံ့တာဝန်ကို ယာယီထိန်းသိမ်းထားရတဲ့ လက်ရှိနိုင်ငံတော်အစိုးရက ရွေးကောက်ပွဲပြီးဆုံးချိန်မှာ ပေါ်ပေါက်လာမယ့်အစိုးရအဖွဲ့ကို နိုင်ငံတော်တာဝန်တွေ လွှဲပြောင်းပေးအပ်သွားမှာလည်းဖြစ်ပါတယ်။ မကြာမီကျင်းပတော့မယ့်ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းရဲ့ အကျိုးအတွက်သာမက ဒေသတွင်းနဲ့ ကမ္ဘာ့နိုင်ငံတွေရဲ့ အကျိုးအတွက်ပါ အရေးပါတဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ ဒါပေမဲ့ နိုင်ငံကို ပျက်စီးလိုသူတွေ၊ မိမိတို့ကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်လိုသူတွေနဲ့ နောက်လိုက်နောက်ပါတွေကတော့ ရွေးကောက်ပွဲကို ထောက်ခံမှာမဟုတ်ဘဲ ဆန့်ကျင်မှုတွေကို ဆက်လက်ပြုလုပ်နေမှာပဲ။

ဒီဆောင်းပါးရဲ့အစ ထရမ့်နဲ့ ဘီဘီစီတို့ရဲ့အမှုကနေ သင်ခန်းစာယူရရင် ဗြိတိသျှအစိုးရရန်ပုံငွေနဲ့ရပ်တည်နေတဲ့ ဘီဘီစီလို မီဒီယာကြီးလည်း မလိုရင်မလိုသလို သတင်းလိမ်တတ်တယ်ဆိုတာပါပဲ။ USAID အထောက်အပံ့ဖြတ်လိုက်လို့ ဆန့်ငင်ဆန့်ငင်ဖြစ်နေတဲ့ မြန်မာဝရမ်းပြေး နှစ်ယောက်တစ်ပိုင်း မီဒီယာလေးတွေ လိမ်ကြ၊ ညာကြတာကတော့ ဆိုဖွယ်ရာပင်မရှိတော့ဘူးပေါ့။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းတို့ လွတ်လပ်ရေးကြိုးပမ်းကြတဲ့ခေတ်မှာတောင် လွတ်လပ်ရေးကို ဦးမတည်ဘဲ ရေးချင်ရာရေးခဲ့ကြလို့ ဗိုလ်ချုပ်ကိုယ်တိုင်က ဆိတ်(...)စေ့သတင်းစာလို့ နာမည်ပေးခဲ့သေးတာပဲ။ ဟိုပေါင်ကြားပြေးကပ်၊ ဒီပေါင်ကြားပြေးကပ်နဲ့ ဘယ်လိုပဲ မဟုတ်မဟတ် ရေးခဲ့ကြပါစေ တိုင်းပြည်အတွက် စေတနာမှန်တဲ့ ဗိုလ်ချုပ်တို့ရဲ့ စွမ်းဆောင်မှုတွေကြောင့် သမိုင်းမော်ကွန်းတင်ခဲ့တာပဲ မဟုတ်ပါလား။ ။

■

---

## ရွေးကောက်ပွဲလွန် နိုင်ငံ့ဝန်

❖ မငြိမ်းချမ်း၍
စိမ်းလန်းသောမြေ၊ ငါတို့နေလည်း
များထွေဒုက္ခ၊ ပူလောင်စွလျှင်
ဘဝ နုံချာ၊ မသာယာ..။

❖ သယံဇာတ၊ ပေါကြွယ်ဝသည့်
လှပဉ်မြေ၊ ငါတို့နေလည်း
နေသာနေငြား၊ စီးပွားမကြွယ်
မျက်နှာငယ်စွာ၊ နုံချာချာ ..။

❖ ထို့ပြင်တစ်ဝ၊
မြန်မာ့ပြည်တွင်း၊ သွေးသားရင်းတို့
စစ်ခင်းသတ်ဖြတ်၊ အမိုက်ဇာတ်ထဲ
ဝဲလည်နစ်ကာ၊ ကာလကြာ ..။

❖ ရှေ့သို့တိုးရင်း၊ နောက်ဆုတ်ရင်းဖြင့်
အခင်းမလှ၊ သည်ဘဝမှ
“ ထ လော့ မြန်မာ ..”
“ မြန်မာရှန်းထ၊ လှုံ့လ ဇွဲမာန်
ထက်သန်တူမျှ၊ ညီညွတ်ကြလော့ ..” ။

❖ တိုင်းရင်းသားတို့ ..
အားအင်အထု၊ ပြည်ထောင်စု၏
ပြည်သူ့အရေး၊ နိုင်ငံရေး၌
တွေးခေါ်ယူဆ၊ မတူကြလည်း
မျှတပေါင်းစု၊ ညီညွတ်မှုဖြင့်
ပြည်သူ့တွက်တာ၊ အကျိုးငှာလျှင်
စေတနာဖြူ၊ မေတ္တာတူသော်
အယူဝါဒ၊ သာမညတည့်
ငါက အဖြူ၊ သူက အမည်း
အုပ်စုကွဲက၊ ကျိုးနည်းရာသာ
ဖြစ်တတ်စွာကို၊ ပညာဉာဏ်ဖြင့်
ဆင်ခြင်သင့် ..။

❖ ပြည်သူရွေးချယ်၊ ကိုယ်စားလှယ်တို့
နယ်ပယ်စုစု၊ ကိုယ်စားပြုလျက်
တိုင်းမှုပြည်ရေး၊ မျိုးချစ်သွေးဖြင့်
ရွေးကောက်ပွဲလွန်၊ နိုင်ငံ့ဝန်ကို
အားသွန်ထမ်းရွက်၊ အဘက်ဘက်က
မြန်မာ့လူ့ဘောင်၊ ကောင်းကျိုးဆောင်ကာ
အောင်မြင်နိုင်ကြပါစေသတည်း...။
ပြည်သူမျှော်မှန်း ပန်းတိုင်ခရီး ...။
အောင်မောင်းအောင်စည် ရိုက်ဆော်ဟည်း..။

**မိုးချမ်းမြေ့**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ကျေးရွာများဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကျောက်ခဲအင်းကျေးရွာ အနီးရှိ လျှောင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပေ ၄၆၀၀ အမှတ်(၂) ကုန်ထုတ်လမ်း ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ယခုဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် အမြန်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ သမဝါယမစိုက်ပျိုးရေးအသင်းများ ဖွဲ့စည်းဆောင်ရွက်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အထွက်တိုးမျိုးနှင့် သွင်းအားစုများ ပံ့ပိုးပေးနိုင်ရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ဒေသခံများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကူနှစ်လုံးဆည်စု ကျေးရွာအုပ်စု ငွေးတောက်ရိုးကျေးရွာနှင့် ဘုန်းကြီးကျောင်းအား ဆက်သွယ်သောလမ်းကို ကြည့်ရှုစစ်ဆေးပြီးသာသနာရေးဦးစီးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း၍ လာမည့်ဘဏ္ဍာနှစ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ရိစာလမ်းလျာထား ဆောင်ရွက်ပေးရန် မှာကြားကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန်ကျည်းကုန်းကျေးရွာလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ပေ ၂၂၀ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကိုလည်းကောင်း၊



လမ်းဘေးဝဲယာ ရေမြောင်းများ တူးဖော်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျန်ရှိသော လမ်းပိုင်း ဆက်လက်ခင်းပေးနိုင်ရေး တင်ပြချက်အပေါ် လာမည့် ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရော်ဘာသစ်ပါးလွှာစက်ရုံဖွင့်

**ဘားအံ ဒီဇင်ဘာ ၂၃**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် Diamond & Diamond Co.,Ltd ၏ ရော်ဘာသစ်ပါးလွှာစက်ရုံဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ဘားအံစက်မှုဇုန် အမှတ်(၂) အကွက်အမှတ် (၈၆)ရှိ အဆိုပါစက်ရုံ၌ ကျင်းပသည်။



## လှည့်လည်ကြည့်ရှု

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်ဝန်ကြီးများနှင့် Diamond & Diamond Co.,Ltd မှ တာဝန်ရှိသူများက သစ်ပါးလွှာစက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပါဝင်အားဖြည့် ကူညီပေးကြသော ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ သစ်ပါးလွှာစက်ရုံရှိ အထပ်သားအခွံခွာအကြမ်းစက်၊ အထပ်သားအချောစက်၊ ခါးသွေးစက်၊ ဖိသိပ်ထုပ်ပိုးစက်များဖြင့် ရော်ဘာသစ်ပါးလွှာထုတ်လုပ်နေမှု၊ အရည်အသွေးခွဲခြားပါကင်ထုပ်ပိုးထားရှိမှုနှင့် စက်ရုံထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဒေသတွင်းရှိ အရင်းအမြစ်များကို အခြေခံပြီး တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်၍ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိ ထိုးဖောက်ရရှိစေရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပြီး မိမိအကျိုး၊ ဒေသနှင့် တိုင်းရင်းသား လူမျိုးများအကျိုးကို ပိုမိုကြိုးပမ်းအားထုတ်၍ ကရင်ပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် စက်မှုဇုန်ဒေသဆိုင်ရာကော်မတီဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီးက ဘားအံစက်မှုဇုန်အတွင်း စက်ရုံ၊ အလုပ်ရုံများ ကောင်းမွန်စွာ လည်ပတ်လုပ်ကိုင်နိုင်ရေး လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ရေရရှိရေး ဖြည့်ဆည်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားပြီး Diamond & Diamond Co.,Ltd မှ တာဝန်ရှိသူတစ်ဦးက ကုမ္ပဏီဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး(ယဉ်ကျေးမှု)ဒေါ်နုမြဇံ လျှောင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အမျိုးသားပြတိုက်(နေပြည်တော်)၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)နှင့် မန္တလေးနန်းမြို့ရိုး ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှုများ ကြည့်ရှုစစ်ဆေး

**မန္တလေး ဒီဇင်ဘာ ၂၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး (ယဉ်ကျေးမှု) ဒေါ်နုမြဇံသည် ဒီဇင်ဘာ ၂၁ ရက်က မန္တလေးလျှောင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အမျိုးသားပြတိုက် (နေပြည်တော်)အား ACM Co.,Ltd မှ ပြုပြင်ထိန်းသိမ်းနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အမျိုးသားပြတိုက် (နေပြည်တော်)ရှိ ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ် (ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်) ပြခန်း၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့ အနုသုခုမပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ မြန်မာ့လက်မှု အနုပညာပြခန်းနှင့် အာဆီယံပြခန်းတို့ ပြုပြင်ထိန်းသိမ်းနေမှုများကို စစ်ဆေးပြီး ဒုတိယဝန်ကြီးက ပြခန်းများ ပြန်လည် ပြုပြင်ထိန်းသိမ်းရာတွင် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန်၊ ပြခန်းများ ပြုပြင်ပြီးစီးပါက ပြတိုက်ဝန်ထမ်းများမှ ပြခန်းများ ပြန်လည်ခင်းကျင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားကြရန် မှာကြားသည်။

ထို့နောက် လျှောင်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ A ဆောင်၊ B ဆောင်ရှိ e-library ခန်း၊ ဝန်ဇင်းမင်းရာဇာခန်းမ၊ စာအုပ်စင်ခန်း၊ C ဆောင်တို့ကို Moon Rays Co.,Ltd မှ ပြုပြင်ထိန်းသိမ်းနေမှုများကို စစ်ဆေးပြီး စာကြည့်တိုက်ရှိ အဆောင်များအား မကြာမီပြန်လည်ဖွင့်လှစ်နိုင်အောင်၊ စာအုပ်စာတမ်းများကို စနစ်တကျ ပြန်လည်ဖတ်ရှုနိုင်



အောင် ကြိုတင်ပြင်ဆင်ထားရန် လမ်းညွှန်မှာကြားသည်။

ဒီဇင်ဘာ ၂၂ ရက် ကလည်း ဒုတိယဝန်ကြီးသည် မန္တလေးမြို့သို့ရောက်ရှိပြီး လျှောင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေး နန်းမြို့ရိုး ပြုပြင်ထိန်းသိမ်းနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် Max Trust Co.,Ltd မှ ဆောင်ရွက်သည့် အရှေ့ဘက်မြို့ရိုး၊ သူရဲခို၊ ဦးထိပ်ပြာသာဒ်နှင့် ထောင့်၂ ကြား ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းတွင် ဦးထိပ်နှင့်ပြ ငါးကြား ပြုပြင်ထိန်းသိမ်းနေသည့် လုပ်ငန်းများကိုလည်းကောင်း၊ အမှတ်(၉၅၁) ဆောက်လုပ်ရေးတပ်ခွဲ အင်ဂျင်နီယာမှ ဆောင်ရွက်သည့် ဦးထိပ်၊ သောင်းညွှန့်၊ ကျော်မိုး၊ ပြ ၁၀ ပြာသာဒ်ပြုပြင် ထိန်းသိမ်းခြင်း၊ တောင်ဘက်မြို့ရိုး ထောင့် ၂ နှင့် ပြ ၁၀ ကြား ပြုပြင်ထိန်းသိမ်းခြင်း၊ တောင်ဘက်မြို့ရိုးရှိ ပြ ၁၀ နှင့် ပြ ၁၁ ကြား(ပြ ၁၁ အပါ) ပြုပြင်ထိန်းသိမ်းခြင်း၊ တောင်ဘက်မြို့ရိုးရှိ ပြ ၁၁ နှင့် ပြ ၁၃ ကြားပြုပြင်ခြင်း လုပ်ငန်းတို့အနက် တောင်ဘက်မြို့ရိုး အုတ်နံရံထိန်းသိမ်းခြင်း လုပ်ငန်း၊ ပြ ၁၀ နှင့် ပြ၁၁နှင့် ကျော်မိုးပြာသာဒ်ပြုပြင်ထိန်းသိမ်းနေသည့် လုပ်ငန်းများကိုလည်းကောင်း၊ ကောင်းမြတ်အောင်ကျော်ကုမ္ပဏီမှ ဆောင်ရွက်နေသည့် စည်သာပြာသာဒ်ပြုပြင်ထိန်းသိမ်းခြင်း၊ လွန်ကဲပြာသာဒ်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်းကောင်း အသေးစိတ်လိုက်လံကြည့်ရှုပြီး နန်းမြို့ရိုး၏ အောက်ခြေတွင် ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ရန်၊ မူလမြို့ရိုးနှင့် မြို့ရိုးအသစ် မျက်နှာပြင်ညီညာအောင် ဆောင်ရွက်ရန်၊ ပြာသာဒ်များရှိတိမ်းစောင်းနေသော မှန်ကင်းတိုင်များကို ပြန်လည်တည့်မတ်အောင် ဆောင်ရွက်ရန်၊ ပြအိုးများရှိ ကြာမှောက်ကြာလှန်များ၊ ဖောင်းရစ်များကို ညီညာအောင်ဆောင်ရွက်သွားရန်၊ ရတနာပုံနန်းမြို့ရိုးသည် မန္တလေးမြို့၏ အထင်ကရယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့်အတွက် ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းရန်၊ ပြုပြင်ထိန်းသိမ်းရာတွင်လည်း စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်နှင့် မိမိတို့တာဝန်ယူဆောင်ရွက်ရသည့် ကဏ္ဍများအလိုက် အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တောင်ငူခရိုင်အတွင်းရှိ ကျေးလက်လမ်း အဆင့်မြှင့်တင် ဆောင်ရွက်နေမှု ကွင်းဆင်း စစ်ဆေး

**တောင်ငူ ဒီဇင်ဘာ ၂၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်မျိုးသည် တောင်ငူခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ လုပ်ငန်းအရည်အသွေးထိန်းသိမ်းရေးအဖွဲ့များနှင့်အတူ တောင်ငူခရိုင်အတွင်းရှိ ကျေးလက်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် တာဝန်ရှိသူများက တောင်ငူမြို့နယ်အတွင်း ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုအထွေထွေပိုလျှံ (GRF) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တောင်ငူမြို့နယ် အင်ဒိုင်း-ချောင်းဖြူ-ပဲချက်ကုန်းလမ်း (၀/၂.၅မိုင်)ကျောက်ချောခင်းခြင်းလုပ်ငန်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

**၄ ရက်**

**သာ လိုတော့သည်။**

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

**မန္တလေး ဒီဇင်ဘာ ၂၃**

၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ချမ်းအေးသာစံမြို့နယ်အတွင်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှုကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ချမ်းအေးသာစံမြို့နယ်ရှိ ပြည်ကြီးမျက်ရှင် ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် တတိယအကြိမ်မဲဆန္ဒရှင်များစာရင်း ကပ်ထား ကြေညာထားရှိမှုနှင့် လာရောက်ကြည့်ရှုနေမှု၊ ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ အမှတ်(၁၆)အခြေခံပညာ အထက်တန်းကျောင်းတွင် မဲရုံကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု၊ ကဥ္စနမဟီ ရပ်ကွက်ရှိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် တတိယအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထား ကြေညာထားမှုနှင့် ပြည်သူများ လာရောက်ကြည့်ရှုနေမှု၊ ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ အမှတ်(၂၂)အခြေခံပညာအထက်တန်းကျောင်းတွင် မဲရုံကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရေးအတွက် ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ရေး၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲလာရောက်ပေးကြသူများ အဆင်ပြေချောမွေ့စေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မဲရုံများ လှည့်လည်ကြည့်ရှုစစ်ဆေး

**စစ်တွေ ဒီဇင်ဘာ ၂၃**

စစ်တွေမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံများ ဖွင့်လှစ် ဆောင်ရွက်ထားရှိမှုကို ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ယနေ့နံနက်ပိုင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး၊ စစ်တွေတပ်နယ်မှ တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ဘောက်သီးစုရပ်ကွက် မဲရုံအမှတ်(၁) ဖွင့်လှစ်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများ အေးချမ်းစွာ စနစ်တကျ မဲပေးနိုင်ရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် စစ်တွေမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ လမ်းမတော်မြောက်ရပ်ကွက် မဲရုံအမှတ်(၁)၊ အမှတ်(၅) အခြေခံ ပညာအထက်တန်းကျောင်းခွဲ၌ ပြည်တော်သာရပ်ကွက် မဲရုံ အမှတ်(၃)နှင့် အမှတ်(၈) အခြေခံ ပညာ မူလတန်းကျောင်း၌ အနောက်စံပြရပ်ကွက် မဲရုံ အမှတ်(၁)တို့ ဖွင့်လှစ်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။



ယင်းနောက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီး ဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် တိုင်းရင်း သားလူငယ်များအတွက် အခြေခံ စက်ချုပ် သင်တန်းဆင်းပွဲသို့ တက်ရောက်သည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆု ရရှိကြသူများနှင့် သင်ကြားပို့ချခဲ့ ကြသည့် သင်တန်းနည်းပြဆရာမ များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြပြီး သင်တန်းသူ များကိုယ်စား သင်တန်းသူတစ်ဦး က ကျေးဇူးတင်စကား ပြောကြား သည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် ပြီး ခန်းမအတွင်းသင်တန်းသူများ၏ ချုပ်ထည်များကို လှည့်လည် ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ပူတာအိုမြို့နယ်၌ တတိယအကြိမ်အတည်ပြုပြီးမဲစာရင်းများ ကပ်ထားကြေညာမှု ကြည့်ရှုစစ်ဆေး

**ပူတာအို ဒီဇင်ဘာ ၂၃**

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ကချင်ပြည်နယ် တာဝန်ခံ ဦးခင်ဇော်သည် ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးဒိန်ရထင်ဇေး၊ ဦးသိန်းစိုး၊ တာဝန်ရှိသူများနှင့် အတူ ယနေ့ညနေပိုင်းတွင် ပူတာအိုမြို့ လေယာဉ်ကွင်း ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ တတိယအကြိမ် အတည်ပြုပြီး မဲစာရင်းများ ကပ်ထားကြေညာမှု နှင့် ဒေသခံပြည်သူများ မဲစာရင်း လာရောက်ကြည့်ရှုနေမှုကို ကြည့်ရှု စစ်ဆေးသည်။



ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် သည် ပူတာအိုမြို့ လုံးစွတ် ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ပူးပေါင်း၍ ဒီဇင်ဘာ ၁၈ ရက်မှ ၂၂ ရက်အထိ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးတွင် မဲစာရင်းများကို စိစစ်ပြီး အတည်ပြုမဲစာရင်း ကြေညာထားရှိမှုကို ကြည့်ရှု စစ်ဆေးကာ ဒီဇင်ဘာ ၂၈ ရက် တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းမှစတင်၍ မဲစာရင်းများ ကြေညာထားရှိမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချန်မျိုးထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစဉ်။

မင်းလွင်ဦး(တန့်ယန်း)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မူလဓာတုဗေဒဓာတ်ခွဲခန်း တည်ဆောက်ပြီးစီးမှုအခြေအနေ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၂၃

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် အင်းစိန်မြို့နယ်ရှိ သုတေသနဌာနဝင်းအတွင်း၌ တည်ဆောက်လျက်ရှိသည့် မူလဓာတုဗေဒဓာတ်ခွဲခန်းသို့ရောက်ရှိရာ တာဝန်ရှိသူများက မူလဓာတုဗေဒဓာတ်ခွဲခန်း တည်ဆောက်ပြီးစီးမှုနှင့် စက်ပစ္စည်းများတပ်ဆင်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဓာတုဗေဒပစ္စည်းများကို အမြန်ဆုံးစမ်းသပ်စစ်ဆေးနိုင်ရေး စီမံဆောင်ရွက်ရန်၊ ဓာတုဗေဒပစ္စည်းများကို စမ်းသပ်စစ်ဆေးမည့်ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရန်၊ မူလဓာတုဗေဒဓာတ်ခွဲခန်း၌ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို စနစ်တကျ ရေးဆွဲဆောင်ရွက်သွားရန်၊ ဓာတုဗေဒပစ္စည်းများကို စမ်းသပ်စစ်ဆေးမည့် ဝန်ထမ်းများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သတ်မှတ်ထားသည့် လုပ်ငန်းစဉ်များအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်ရန်မှာကြားပြီး မူလဓာတုဗေဒဓာတ်ခွဲခန်း ဖွင့်လှစ်နိုင်ရေးအတွက် ဓာတုပစ္စည်းများ၊ အဏုဇီဝပိုးမွှားများအား စစ်ဆေးနိုင်မည့် စက်ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မူလဓာတုဗေဒဓာတ်ခွဲခန်းကို သက်ရှိများနှင့် သဘာဝပတ်ဝန်းကျင် အရင်းအမြစ်များအပေါ် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများမှ ဖြစ်ပေါ်လာသော ထိခိုက်မှုနှင့် အန္တရာယ်ကိုကာကွယ်ရန်၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများနှင့်သက်ဆိုင်သည့် မြန်မာနိုင်ငံက အတည်ပြုလက်ခံထားသော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ပြည်တွင်းလိုအပ်ချက်များအရ ဓာတုပစ္စည်းများ၏ အန္တရာယ်အဆင့်အပေါ်မူတည်၍ တားမြစ်ဓာတုပစ္စည်းနှင့် ကန့်သတ်ဓာတုပစ္စည်းစာရင်း ထုတ်ပြန်ရန်၊ "ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းဆိုင်ရာအမိန့်" အရ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ခြင်းအပြင် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေးအတွက် စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်စေရန်၊ ဓာတုဗေဒပညာရပ်ကို မှားယွင်းအသုံးပြုမှု မရှိစေရန်အတွက် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်လမ်းညွှန်ရန်နှင့် လုပ်ငန်းရှင်များအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် သက်ဆိုင်သော သင်တန်းများနှင့် အသိပညာပေးရန်စသည့် ရည်ရွယ်ချက်များဖြင့် တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

မူလဓာတုဗေဒဓာတ်ခွဲခန်းအနေဖြင့် Heavy Metal Element များ၊ ဓာတုပစ္စည်းများကို ဓာတ်ငွေ့အဖြစ်ပြောင်းလဲစေပြီး ဒြပ်ပေါင်းအမျိုးအစားနှင့် ပါဝင်မှုပမာဏကိုတိုင်းတာခြင်း၊ အဏုဇီဝပိုးမွှားများ စသည်တို့ကို စမ်းသပ်စစ်ဆေးနိုင်ပြီး မူလဓာတုဗေဒဓာတ်ခွဲခန်းထူထောင်ခြင်းဖြင့် ပြည်ပမှတင်သွင်းလာမည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို စနစ်တကျ ဓာတ်ခွဲတိုင်းတာ စစ်ဆေးပေးနိုင်ခြင်းအားဖြင့် သက်ရှိများ၏ အသက်အန္တရာယ်နှင့် ပတ်ဝန်းကျင်၊ ရာသီဥတုနှင့် ဂေဟစနစ်အပေါ် ဆိုးရွားသောထိခိုက်မှုများလျော့နည်းစေခြင်း၊ ဓာတုပစ္စည်းများ၏ အန္တရာယ်အဆင့်အပေါ်မူတည်၍ တားမြစ်ဓာတုပစ္စည်းနှင့် ကန့်သတ်ဓာတုပစ္စည်းစာရင်း ထုတ်ပြန်ပေးခြင်းဖြင့် ဆိုးရွားသည့်ထိခိုက်မှုများကို ကာကွယ်ပေးနိုင်ခြင်း၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု လျော့ပါးစေခြင်း၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်လမ်းညွှန်ခြင်း၊ လုပ်ငန်းရှင်များအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့်သက်ဆိုင်သော သင်တန်းများနှင့် အသိပညာပေးခြင်းဖြင့် ဓာတုဗေဒပညာရပ်ကို မှားယွင်းအသုံးပြုမှု မရှိစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သုတေသနဌာန အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး သုတေသနဌာနအနေဖြင့် ဆေးဝါး အမယ်သစ်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်နှင့် ထုပ်ပိုးမှုစနစ်များကိုလည်း ခေတ်မီဒီဇိုင်းနည်းပညာများဖြင့် ဈေးကွက်အတွင်း ထိုးဖောက်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ရန်၊ ပြည်သူများ ကျန်းမာရေးအတွက် သုံးစွဲမှုများပြားသည့် ဆေးဝါးများကို လုံလောက်စွာဝယ်ယူအသုံးပြုနိုင်ရေး လိုအပ်ချက်ပြည့်မီအောင် တိုးမြှင့်ထုတ်လုပ်ပေးသွားရန်၊ MSME ထုတ်ကုန်ပစ္စည်းများကိုလည်း စစ်ဆေးပေးသွားရန်နှင့် စက်မှုလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများကိုလည်း အများပြည်သူ၏ ကျန်းမာရေး ထိခိုက်မှုမရှိစေရေး လိုအပ်သလို စစ်ဆေးပေးသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် အင်းလေးဒေသ ကျန်းမာသန့်ရှင်းရေးဆိုင်ရာ နည်းပညာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



တောင်ကြီး ဒီဇင်ဘာ ၂၃

ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်း သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် အင်းလေးဒေသ ကျန်းမာ သန့်ရှင်းရေးဆိုင်ရာ နည်းပညာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ တောင်ကြီးဟိုတယ်၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကား ပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အင်းလေးဒေသနှင့် ရှမ်းပြည်နယ်အတွင်း ရေရရှိရေးနှင့် ကျန်းမာ သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးတို့က ဆွေးနွေးကြပြီး Wateraim အဖွဲ့က Village Book ရေးဆွဲထားမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ အချက်အလက်များကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် အင်းလေးဒေသအတွင်း ကျန်းမာသန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများအတွက် INGO၊ NGO များ၏ ရှုထောင့်အမြင်နှင့် အတွေ့အကြုံကောင်းများကို ဆွေးနွေးတင်ပြကြပြီး နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးခြင်းကို အဖွဲ့လိုက်ဆွေးနွေးရာ အဖွဲ့(၁)က အင်းလေးဒေသ ကျန်းမာသန့်ရှင်းရေး ဒီဇိုင်းဖော်ထုတ်ခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဖွဲ့(၂)က ရှမ်းပြည်နယ်(တောင်ပိုင်း) ရေရရှိရေးလုပ်ငန်းများ လွှမ်းခြုံမှုတိုးတက်ရေးလုပ်ငန်းများခေါင်းစဉ်ဖြင့်လည်းကောင်း အဖွဲ့လိုက် ဆွေးနွေးကြသည်။

ဆက်လက်၍ ဆွေးနွေးဖော်ထုတ်ချက်များကို ရှင်းလင်းတင်ပြကြပြီး ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းတာဝန်များ သတ်မှတ်ကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ် အမှာစကား ပြောကြားသည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကျောက်တလုံးကြီးမြို့ ပထမနိဗ္ဗိတ သပိတ်မြတ်ဘုရားနှင့် အောင်ဇမ္ဗူလောင်းမဲ့မှာရုံ၌ စင်စစ်ထွန်းပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်များက ဒေသခံပြည်သူများအား မျက်စိ၊ အရေပြား၊ သားဖွားမီးယပ်၊ ကလေးအထူးကု၊ သွေးတိုး၊ ဆီးချို၊ နှလုံး၊ ကျောက်ကပ်ရောဂါများ အခမဲ့ကွင်းဆင်း ကုသပေးနေမှုနှင့် တိုင်းရင်းဆေး ဆရာဝန်အဖွဲ့က ခါးနာ၊ ဒူးနာ၊ ခြေထောက်နာရောဂါများအခမဲ့ကွင်းဆင်းကုသပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆေးကုသပေးကြသည့် အထူးကုအဖွဲ့အား ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# တောင်ကြီးမြို့နယ်၌ ရှုံးမျိုး ဆောင်နေကြာ စိုက်ပျိုးနေမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

တောင်ကြီး ဒီဇင်ဘာ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ် ကျောက်နီကျေးရွာအုပ်စု ဆူးပုတ်ကွေ့ကျေးရွာရှိ သိန်းနေထွန်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ ရှုံးမျိုးဆောင်းနေကြာ စိုက်ပျိုးနေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင်နှင့် တာဝန်ရှိသူများက (သက်တန့်ရောင် စီမံကိန်း) ရှုံးမျိုးဆောင်းနေကြာ စိုက်ပျိုးနေသည့် သိန်းနေထွန်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းက လိုအပ်လျက်ရှိသော ငွေကြေးအရင်းအနှီး သွင်းအားစုများ ပြတ်လပ်မှု မရှိစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး သမဝါယမကဏ္ဍမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် သီးနှံများလျာထားချက်များအတိုင်း ပြည့်မီအောင် စိုက်ပျိုးစေရေး၊ နည်းစနစ်မှန်ကန်စွာစိုက်ပျိုးစေရေးနှင့် သတ်မှတ်ထားသည့် မျိုး၊ သွင်းအားစု၊ ရွက်ဖျန်းဆေးနှင့် မြေဩဇာများ စနစ်တကျသုံးစွဲစေရေး မှာကြားခဲ့ကြောင်း သိရသည်။

**ပိုးတောင်း**



# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ်လုပ်ငန်းကဏ္ဍတွင် တရုတ်ယွမ်ဖြင့် ဆောင်ရွက်နေမှုများ၊ တရုတ်ယွမ်ငွေကြေးဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတို့တွင် ငွေပေးချေမှု ပိုမိုချောမွေ့အဆင်ပြေစေရန်နှင့် နှစ်နိုင်ငံအကြား ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်ရန်တို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ရန်ကုန်ပညာရေးတက္ကသိုလ်၌ ပညာရေးဘွဲ့ ပထမနှစ်သင်တန်းမှ ကျောင်းသား ကျောင်းသူများ မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာနအောက်ရှိ ရန်ကုန် ပညာရေးတက္ကသိုလ် ပညာရေးဘွဲ့ ပထမနှစ်သင်တန်းကို နိုဝင်ဘာ ၂၄ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ တက်ရောက်လာကြသည့် သစ်လွင်ကျောင်းသား ကျောင်းသူများ ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန် ပညာရေးတက္ကသိုလ် Learning Hub ၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ သင်တန်းရေးရာ၊ စာပေးစာယူဌာနတို့မှ ဌာနမှူးများ၊ ပါမောက္ခ (ဌာနမှူး) များ၊ ပါမောက္ခများနှင့် သစ်လွင်ကျောင်းသား ကျောင်းသူ ၅၁၃ ဦးတို့ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေးဘွဲ့ ကျောင်းသား ကျောင်းသူများက ရန်ကုန် ပညာရေးတက္ကသိုလ်၏ ကျောင်းသီချင်းဖြစ်သော "အမိဝမ်းမြောက်ပါစေ" သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကေသွယ်လှိုင်က ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ပညာဆည်းပူးရခြင်းဖြင့် ဆရာအတတ်ပညာများနှင့် အဓိကဘာသာရပ်ကြီးများ ပူးပေါင်းထားသော ခေတ်မီသင်ရိုးများကို သင်ယူရရှိနိုင်မည်ဖြစ်ကြောင်း၊ ခေတ်မီပေါင်းစပ်ပညာရေးကို သင်ယူနိုင်ခြင်းအားဖြင့် အနာဂတ်တွင် သင်ကြား၊ သင်ယူမှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည့် အရည်အသွေးရှိသော ဆရာ ဆရာမများ အမှန်တကယ် ဖြစ်လာမည်ဖြစ်ကြောင်း၊ ဆရာကောင်းတစ်ယောက် ဖြစ်ရန် မိမိသင်ယူရမည့် သင်ခန်းစာများအပြင် မျိုးချစ်စိတ်ဓာတ်ရှိခြင်း၊ သင်ကြားနည်းပိုင်နိုင်ခြင်း၊ အစဉ်ဉာဏ်ရည်သွေးနေခြင်း၊ ဆရာစိတ်ရှိခြင်း စသည့်အချက်များနှင့် ပြည့်စုံရန် လိုအပ်ကြောင်း၊ သီလ၊ သမာဓိတို့ကို တိုးတက်စေရန် အတွက် စာရိတ္တနှင့် ပြည်သူ့နီတိယဉ်ကျေးမှု အခြေခံများကိုလည်း သင်ယူရမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယပါမောက္ခချုပ်များနှင့် ဘာသာရပ်ဌာနအသီးသီးမှ ပါမောက္ခ(ဌာနမှူး)များက သစ်လွင်ကျောင်းသား ကျောင်းသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ဆုံးမစကားပြောကြားကြပြီး ဌာနမှူး (သင်တန်းရေးရာ) က ကျောင်းသား ကျောင်းဆောင်စည်းမျဉ်းစည်းကမ်းများကို လည်းကောင်း၊ ပညာရေးစိတ်ပညာဌာနမှ ပါမောက္ခ(ဌာနမှူး)က ပညာရေးဘာသာရပ်များ ဖြစ်သော ပညာရေးစိတ်ပညာ၊ ပညာရေးသဘောတရားနှင့် ပညာရေးစီမံခန့်ခွဲမှု၊ သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်းဘာသာရပ်များအပြင် ကာယပညာနှင့် ကျောင်းကျန်းမာရေး ဘာသာရပ်များကို လည်းကောင်း၊ ဝိဇ္ဇာ၊ သိပ္ပံ တတ်ကျွမ်းဘာသာရပ်ဆိုင်ရာ ဆရာကြီး ဆရာမကြီးများက ကျောင်းသားများ လုပ်ငန်းခွင်ဆက်လက်ရှင်သန်ပြီး သင်ကြားရေးတာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်စေရန် KG+12 သင်ရိုးညွှန်းတမ်းနှင့်အညီ မွမ်းမံမြှင့်တင်ပြီး ထိရောက်စွာ သင်ကြားပေးနေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများကလည်း တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြ ဖျော်ဖြေကြကြောင်း သိရသည်။ **သတင်းစဉ်**

# မိုင်းပျဉ်းမြို့၌ အရပ်ရပ်အခွင့်အရေးလိုင်စင်နှင့် သားသတ်လိုင်စင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချ

**မိုင်းပျဉ်း ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့ မြို့နယ်စည်ပင်သာယာရေးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်အခွင့်အရေးလိုင်စင်နှင့် သားသတ်လိုင်စင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချပွဲကို အဆိုပါရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနခွဲ ကျိုင်းတုံမြို့မှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်တင်တင်မေနှင့် မိုင်းပျဉ်းမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးမိုးကျော်တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ မိုင်းပျဉ်းမြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိဦးကျော်ကျော်ဦးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အရပ်ရပ်အခွင့်အရေးလိုင်စင် စည်းကမ်းချက်များနှင့်သားသတ်စည်းကမ်းချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အရပ်ရပ်အခွင့်အရေးလိုင်စင်များဖြစ်သော မြို့ဝင်/ထွက် ဘီးကောက်၊ မြို့မပျံကျဈေးကောက်၊ မြို့မအပေါင်ဆိုင်နှင့် သားသတ်လိုင်စင်များ ဖြစ်သော မြို့မ အမဲ/ဝက်၊ ကျေးလက်အမဲ/ဝက်ရောင်းချခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **နန်းသန္တာဦး(ပြန်/ဆက်)**

# ပေါင်မြို့နယ်၌ အိန္ဒိယနွယ်ဖွားများ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးရရှိရေးဆောင်ရွက်

**ပေါင် ဒီဇင်ဘာ ၂၃**

မွန်ပြည်နယ် ပေါင်မြို့နယ် ပေါင်းရပ်ကွက် စရိစူလာမဏိ ဟိန္ဒူ ဘုရားကျောင်းခန်းမ၌ အိန္ဒိယနွယ်ဖွားများ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးရရှိရေးအတွက် ပေါင်မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မွန်ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးတို့က ကြည့်ရှုအားပေးကြသည်။



လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ် ဦးစီးမှူးရုံးအနေဖြင့် ကတ်လာရောက်လျှောက်ထားသူ ပြည်သူများအား နိုင်ငံသား လျှောက်ထားမှု၊ အမျိုးသားမှတ်ပုံတင်ကတ် လက်ဝယ်ကိုင်ဆောင်ထားပြီး သက်ဆိုင်ရာ မြို့နယ် ဦးစီးမှူးရုံးသို့ အကြောင်း အမျိုးမျိုးဖြင့် လာရောက်လျှောက်ထားမှုမရှိသူများ၊ ကိုင်ဆောင်လက်မှတ် ကိုင်ဆောင် ထားခြင်းမရှိသူများအား လွယ်ကူစွာဖြင့် အချိန်တိုအတွင်း ကိုင်ဆောင်လက်မှတ် ရရှိနိုင်ရေး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အနေဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ကတ်တစ်မျိုးမျိုး လျှောက်ထားသူ ၆၃ ဦး ရှိကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# မိတ္ထီလာတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံအမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**မိတ္ထီလာ ဒီဇင်ဘာ ၂၃**

မိတ္ထီလာတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါတက္ကသိုလ်အားကစားခန်းမတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မိတ္ထီလာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဘဟန်က အမှာစကားပြောကြားသည်။ ထို့နောက် ပြိုင်ပွဲအဖွင့်ပွဲစဉ်အဖြစ် အရှေ့တိုင်းပညာအသင်းနှင့် ရူပဗေဒအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပါမောက္ခချုပ်ဒေါက်တာဘဟန်၊ ဒုတိယပါမောက္ခချုပ်ဒေါက်တာကျော်လင်း၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုအားပေးကြသည်။ အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာ၂၃ ရက်မှ ၂၉ ရက်အထိကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် အုပ်စု(က) မြန်မာစာ၊ ဓာတုဗေဒ၊ အုပ်စု(ခ)သတ္တဗေဒ၊ အရှေ့တိုင်းပညာ၊ ရုက္ခဗေဒ၊ အုပ်စု(ဂ)ရူပဗေဒ၊ ပထဝီဝင်၊ ဥပဒေပညာ၊ အုပ်စု(ဃ)ဘူမိဗေဒ၊ သင်္ချာနှင့်အင်္ဂလိပ်စာ စုစုပေါင်းပြိုင်ပွဲဝင်အသင်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# လွိုင်ကော်ပညာရေးဒီဂရီကောလိပ် မောင်မယ်သစ်လွင် ကြိုဆိုပွဲနှင့် ကယားပြည်နယ်အတွင်း ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



**လွိုင်ကော် ဒီဇင်ဘာ ၂၃**

၂၀၂၅–၂၀၂၆ ပညာသင်နှစ် လွိုင်ကော်ပညာရေးဒီဂရီကောလိပ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ယနေ့ နံနက်ပိုင်းတွင် လွိုင်ကော်ပညာရေးဒီဂရီကောလိပ် ကယားသဇင်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လွိုင်ကော်ပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများအတွက် ဆန်၊ ဆီနှင့် ချီးမြှင့်ငွေများကိုလည်းကောင်း၊ ၂၀၂၅ ခုနှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ (မန္တလေးဇုန်)တွင် လုံတံပစ်အားကစားနည်းဖြင့် ပထမဆုရရှိခဲ့သည့် ကျောင်းသားအား ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် အကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒေသကွပ်ကဲရေးမှူးနှင့် ပြည်နယ်စီးပွားရေးရာဝန်ကြီးတို့က ပညာရေးဒီဂရီကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြပြီး လွိုင်ကော်ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးက မောင်မယ်သစ်လွင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ရွေးချယ်ခံရသည့် မောင်မယ်သစ်လွင်များအား စလွယ်နှင့် သရဖူများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်ပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ကယားပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် တက်ရောက်လာကြသူများက မိမိတို့ကဏ္ဍအလိုက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် လောဓမ္မရပ်ကွက်ရှိ မဲရုံအမှတ် (၂)နှင့် (၃)တို့ ပြင်ဆင်ထားရှိမှုအခြေအနေ၊ မဲရုံတာဝန်ကျဝန်ထမ်းများ တာဝန်ထမ်းဆောင်မှုနှင့် လုံခြုံရေးအဖွဲ့များ တာဝန်ထမ်းဆောင်နေမှုကိုလည်းကောင်း၊ နမ့်ဘော်ဝမ် (ခ)နှင့် အောင်သီဟရပ်ကွက်တွင် မဲရုံများပြင်ဆင်ထားရှိမှု၊ မဲရုံတာဝန်ကျဝန်ထမ်းများ တာဝန်ထမ်းဆောင်မှုနှင့် လုံခြုံရေးအဖွဲ့များ တာဝန်ထမ်းဆောင်နေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဝန်ကြီးချုပ်က ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



**တာချီလိတ် ဒီဇင်ဘာ ၂၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးမောင် (ရှမ်းအရှေ့တာဝန်ခံ) သည် ရွေးကောက်ပွဲတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ယနေ့ မွန်းလွဲပိုင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မဲစာရင်းစိစစ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးမောင် (ရှမ်းအရှေ့တာဝန်ခံ) သည် ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် မဲစာရင်း တတိယအကြိမ်ကပ်ထားကြေညာခြင်း မပြုမီ မြို့နယ် ကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်တို့ဖြင့် မဲစာရင်းစိစစ်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မဲပေးစက်ဆိုင်ရာ ကျွမ်းကျင်အဖွဲ့များ၊ MEVM ဆိုင်ရာ နည်းပညာအထောက်အကူပြုအဖွဲ့များနှင့်တွေ့ဆုံပြီး MEVM စက်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ခွဲဝေထားရှိမှုနှင့် ဘက်ထရီများ အားသွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် မဲရုံအမှတ် (၁၁)တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်ပါ အီလက်ထရောနစ် မဲပေးစက် အသုံးပြုသည့် မဲရုံအတွက် နေရာချထားမှုပုံစံဖြင့် မဲရုံခင်းကျင်းထားရှိမှုများကို လိုက်လံကြည့်ရှုပြီး တာချီလိတ်ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# နမ့်စန်မြို့နယ်၌ ရပ် / ကျေး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ ဆွေးနွေးပို့ချ

**နမ့်စန် ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်သင်တန်း ဆွေးနွေးပို့ချခြင်းကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက အမှတ်(၂)ရပ်ကွက်ရှိ မြို့နယ်ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ဆယ်က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်မျိုးမျိုးအောင်က ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်ကို ရှင်းလင်းပို့ချခဲ့ပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်မိုးမိုးဝေက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်း၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်မျိုးမျိုးအောင်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**

# ပခုက္ကူမြို့၌ ရွေးကောက်ပွဲဥပဒေဆိုင်ရာ အသိပညာပေး ဟောပြော

**ပခုက္ကူ ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁၄)ရပ်ကွက် မြင်သာဘုမ္မရပ်ရှိ ပါကဋ္ဌတ္တကာရီဘုမ္မကျောင်းတိုက်(ဓမ္မာရုံ)၌ ဒီဇင်ဘာ ၂၂ ရက်က ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို နှောင့်ယှက် ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျင်းပသည်။



**ဟောပြောဆွေးနွေး**

ဟောပြောပွဲတွင် ပခုက္ကူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဝင်းက မိတ်ဆက်စကားပြောကြားပြီး ၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနေမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာနေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်းစသည်တို့ဖြင့် နှောင့်ယှက် ဟန့်တား ဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ထိခိုက်ပျက်စီးအောင် ပြုလုပ်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေမှုများ၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး မဲဆန္ဒရှင်ပြည်သူများအားလုံးက မဲပေးခြင်းဖြင့် ပါဝင်ပေးရေး၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကယ်ရီမောင်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို**
**လုံးဝရှောင်ကြဉ်ကြပါစို့**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၀ ရက်နှင့် ၁၅ ရက်တို့တွင် စစ်ကိုင်းမြို့နယ် တကောင်းရပ်ကွက် ဇက်ဆိပ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် တရုတ်နိုင်ငံထုတ် သံကြမ်းခင်းပြား ၂၂၂ ချောင်းနှင့် ဆက်စပ်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၆၂၅၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၀၀၀၀)နှင့် လိုင်စင်မဲ့ ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၇၆၂၅၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၄ ရက်တွင် ပဲခူးမြို့နယ်အတွင်း၌ တရားမဝင် သစ်မာ သုည ဒသမ ၇၁၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၇၇၄၄)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၆ ရက်တွင် ပျော်ဘွယ်မြို့နယ်၊ မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ရမည်းသင်းမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၈၆၇ တန်၊ သစ်မာ ၁ ဒသမ ၂၉၈ တန်၊ အခြားသစ် ၃၆ ဒသမ ၁၈၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၃၀၁၆၃၆)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ဒီဇင်ဘာ ၁၃ ရက်တွင် မိတ္ထီလာမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်နှင့် သာစည်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ်၅၇၀၀၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ်၆၇၀၀၁၆၃၆ ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၆ ရက်၊ ၁၀ ရက်၊ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၄၅၁၈၈၀)ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် တပ်ကုန်းမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၅ ဒသမ ၄၃၈ တန်၊ အခြားသစ် ၁၈ ဒသမ ၂၂၆ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၂၀၂၄၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်တွင် မြစ်ကြီးနားမြို့နယ် ရှမ်းစုမြောက်ရပ်ကွက် အမှတ်(၁၄၅)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၆၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲ ဖွင့်လှစ်ထားရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် စစ်ကိုင်းမြို့နယ် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၉၀၀၀၀၀)




ကချင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)နှင့် လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)တို့ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း၊ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် သံပြားမျိုးစုံ ၂ ဒသမ ၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၈၁၄၀၀၀၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၅ ရက်တွင် ကျောက်တံခါးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့အတွင်း၌ တရားမဝင် သစ်မာ ၂ ဒသမ ၁၁၄ တန်၊ အခြားသစ် သုည ဒသမ ၅၇၁ တန် စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၇၂၆၀၈ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၅ ရက်တွင် အောင်လံမြို့နယ် အောင်မြေကုန်းကျေးရွာ၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၄၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တောင်တွင်းကြီးမြို့နယ်အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၇၉၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၈၈၀၀) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၈၈၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၆ ရက်တွင် မန္တလေးမြို့နယ် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၂၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၅၂၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှု များဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဘီးလင်းမြို့နယ် သကြားစက်လမ်းဆုံ၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၇ မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၉၁၉၀၀၀)ကို လည်းကောင်း၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ် ခုနစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၉၁၉၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်၊ ၁၃ ရက်၊ ၁၄ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၈၅၅၅၆၄၈)ကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် စစ်ကိုင်းမြို့နယ် ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး၊ လူသုံးကုန်ပစ္စည်း ရှစ်မျိုး၊ စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၁၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ စစ်ကိုင်းမြို့နယ် မြို့သစ်ရပ်ကွက်၌ တရားမဝင်စက်သုံးဆီ ဓာတ်ဆီ ၁၈၈ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥဒေအရ လည်းကောင်း၊ စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေး ဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀)နှင့် လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၁၉၀၀၀၀ ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၇ ရက်တွင် ဖြူးမြို့နယ်အတွင်း၌ တရားမဝင်အခြားသစ် ၂ ဒသမ ၉၂၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၁၁၃၆ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၃ ရက်တွင် ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် သုံးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၂ ရက်တွင် လားရှိုးမြို့နယ် နောင်ဝိုးကျေးရွာအနီး၌ ယာဉ် ၅၈ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၅၃၉ မျိုး၊ စားသောက်ကုန်ပစ္စည်း ၁၇ မျိုး၊ လျှပ်စစ်ပစ္စည်း ၁၄ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၂၂၅၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်ရှိ ယာဉ်ကိုးစီးနှင့် လိုင်စင်မဲ့ယာဉ် ၄၉ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၂၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၄၂၅၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၅ ရက်တွင် ပုသိမ်မြို့နယ် အမှတ်(၄)ရပ်ကွက်၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၃၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၉၄၁၄၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၂ ရက်၊ ဒီဇင်ဘာ ၁၃ ရက်၊ ၁၅ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၉၃၅၉၁၃၆)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

✻ ကျောဖုံးမှ

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၂၅.၁၂.၂၀၂၅ | DEMU (စပိန်) အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၂ | ॥ | DEMU (စပိန်) အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |
| ၃ | ॥ | လေအိတ် အဆန်အထူး | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၄ | ॥ | လေအိတ် အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၉:၁၅ | ၁၈:၀၀ |
| ၅ | ၂၈.၁၂.၂၀၂၅ | DEMU (စပိန်) အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၆ | ॥ | DEMU (စပိန်) အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |
| ၇ | ॥ | လေအိတ် အစုန်အထူး | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၈ | ॥ | လေအိတ် အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၀ | ၁၇:၅၅ |

အထက်ပါနေ့ရက်များအလိုက် အထူးရထားများအပြင် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများတွင်လည်း ဝန်ချိန်ပြည့်တွဲဆိုင်းများ ချိတ်ဆက်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ရထားလက်မှတ်ခ နှုန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများအတိုင်းဖြစ်ကြောင်းနှင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် အထက်တန်းလက်မှတ်ကို ၃ ရက် ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်ကို ၁ ရက် ကြိုတင်၍လည်းကောင်း သက်ဆိုင်ရာဘူတာများတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ ထို့ပြင် ရန်ကုန်-နေပြည်တော်-ရန်ကုန်လမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် ရထားများအတွက် ကြိုတင်လက်မှတ်များ ရောင်းချရာတွင် ၅ ရက် ကြိုတင်ပြီး တယ်လီဖုန်းအမှတ်၊ ၀၉-၈၈၀၉၄၂၆၀၀ (နေပြည်တော်)၊ ၀၉-၈၈၀၉၄၂၆၀၁ (ပျဉ်းမနား)၊ ၀၉-၈၈၀၉၄၂၆၀၈(ရန်ကုန်) တို့အား ကြိုတင်Booking ပြုလုပ်၍ MMQR Code ဖြင့် အသုံးပြုကာ ငွေပေးချေခြင်း၊ တန်းစီခရီးသည်များလက်မှတ်ဝယ်ယူရာတွင်လည်း လက်မှတ်ခကို ငွေသားအပြင် MMQR Code အသုံးပြု၍ ငွေပေးချေခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်းစဉ်**

**✪ တောင်အာဖရိကအသင်းမှ**

အီဂျစ်အသင်းအတွက် သွင်းဂိုးတွေကို အိုမာမာမောက်ရှ်နဲ့ မိုဟာမက်ဆာလာတို့က တစ်ဂိုးစီ သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ ဇင်ဘာဘွေ အသင်းအတွက် ချေပဂိုးကိုတော့ ဒူဘီကသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

**ယှဉ်ပြိုင်ကစား**

အီဂျစ်အသင်းဟာ အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲ အုပ်စု B ရဲ့ ဒုတိယပွဲစဉ်အဖြစ် ဒီဇင်ဘာ ၂၅ ရက်မှာတောင်အာဖရိကအသင်းနဲ့ ယှဉ်ပြိုင် ကစားရမှာဖြစ်ပြီး ဇင်ဘာဘွေ အသင်းကတော့ အန်ဂိုလာအသင်းနဲ့ ယှဉ်ပြိုင် ကစားရမှာလည်းဖြစ်ပါတယ်။

**ငွေကြယ်**

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၄၈၁ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး မြဝတီမြို့နှင့် အနီးတစ်ဝိုက်ရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား ချိပ်ပိတ်သိမ်းဆည်း

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံအစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင်လေးထပ်အဆောက်အအုံ သုံးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၄၈၁ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။ အဆိုပါ KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများ အနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံ ငါးလုံးကို ထပ်မံ ဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း နှစ်ထပ်အဆောက်အအုံ ၄၁ လုံးကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင် ပြည်ပနိုင်ငံသားများ ဝင်ရောက် နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ခြင်းမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှ စတင်၍ ရှာဖွေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ရှာဖွေ စစ်ဆေးပြီးစီးသည့် အဆောက်အအုံ ၄၆၄ လုံးအနက် အွန်လိုင်း လိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၂ လုံးကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး အဆိုပါ အဆောက်အအုံများအား ပြန်လည်အသုံးပြုမှု မရှိစေရေးအတွက် ချိပ်ပိတ်သိမ်းဆည်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ယင်းအပြင် KK park နှင့် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်း လိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှု မရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေ အပိုင်း(၃)အား ဖောက်ခွဲဖျက်ဆီးခဲ့မှု။




KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၄)ထပ်လူနေ အဆောက်အအုံ။

# ရှမ်းမြို့နယ်၌ ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



တရားခံ သန်းစိုးဝင်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ရှမ်းမြို့နယ်တွင် ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ရှမ်းမြို့နယ် မြို့ကြီးကျေးရွာအနီးတွင် သန်းစိုးဝင်း (၄၂)နှစ်၊ သာပေါင်းကျေးရွာ နွားထိုးကြီးမြို့နယ်နေသူ မောင်းနှင်လာသော HYUNDAI PORTER ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၄၀၀၀) သိမ်းဆည်းရမိသဖြင့် သန်းစိုးဝင်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ကျောက်တောင်(ဝမ်မိုင်)ရှိ လေးဒေ(၁၉)နှစ် ငှားရမ်းနေထိုင်သည့် နေအိမ်ခန်းကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ လီလှ(၁၉)နှစ် ကောင်းကိုင်ကျေးရွာ ကတ်ထိုက်ကျေးရွာအုပ်စု ကျိုင်းတုံမြို့နယ်နှင့် ငြိမ်းချမ်း(၁၇)နှစ်ကို ဖော်ကျေးရွာ၊ နားယောင်းကျေးရွာအုပ်စု တာချီလိတ်မြို့နယ်နေသူတို့ကို တွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၂၄၅ သိန်း) သိမ်းဆည်းရမိသဖြင့် လေးဒေ၊ လီလှနှင့် ငြိမ်းချမ်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**





# ပြင်ဦးလွင် ပန်းပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လေ့လာလည်ပတ်သူများဖြင့် စည်ကားများပြား

ပြင်ဦးလွင် ဒီဇင်ဘာ ၂၃

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ ကျင်းပသည့် (၁၈) ကြိမ်မြောက် ပန်းပွဲတော်ကို ဒီဇင်ဘာ ၆ ရက်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု ဂီတအနုပညာတင်ဆက်မှုများဖြင့် စတင်ဖွင့်လှစ်ခဲ့ရာ အနယ်နယ်အရပ်ရပ်မှ လာရောက်လေ့လာလည်ပတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ယခုကျင်းပသည့် ပန်းပွဲတော်ကို Immersive Flowers Festival ဟု အမည်ပေးထားပြီး ပန်းပြကွက်များကို မြင်ကွင်းကျယ်ပန်းခင်းများအဖြစ် ပုံဖော်ဖန်တီးထားသဖြင့် ရောင်စုံပန်းခင်းများနှင့် တစ်သားတည်း ကြည့်ရှုခံစားလည်ပတ်နိုင်မည်ဖြစ်သည်။ ထို့ပြင် အရောင်အသွေးစုံလင်သည့် ပြည်တွင်း၊ ပြည်ပမှ နွေ၊ မိုး၊ ဆောင်း ရာသီပန်းမျိုးစိတ် ၄၀ ခန့်ဖြင့် ပန်းပင်အရေအတွက် နှစ်သိန်းကျော်ကိုလည်း ပုံဖော်စိုက်ပျိုးပြသထားသည်။

ထူးခြားသည့်ပန်းပြကွက်အနေဖြင့် သုံးဖက်မြင်ပန်းပြကွက် သုံးခုကို ရနံ့မွှေးလီလီပန်း၊ နေကြာပန်း၊ ဟော်လန် ဂန္ဓမာပန်းတို့ဖြင့် အလှဆင်ပြသထားပြီး အဆိုပါပန်းပြကွက်များအတွင်း ၃၆၀ ဒီဂရီမြင်ကွင်းပုံစံဖြင့် ပန်းများကို အနီးကပ်ထိတွေ့ခံစား၍ အလှဓာတ်ပုံများ ရိုက်ကူးနိုင်မည်ဖြစ်သောကြောင့် ပန်းပွဲတော်ကို Immersive Flowers Festival ဟု အမည်ပေးတင်စားထားသည်။

ပန်းပွဲတော်ကာလအတွင်း တေးဂီတဖျော်ဖြေမှုများဖြင့်ပါ တင်ဆက်လျက်ရှိပြီး လွတ်လပ်ရေးနေ့၊ ခရစ္စမတ်နေ့၊ နိုင်ငံတကာနှစ်သစ်ကူးနေ့နှင့် ဆက်စပ်ရုံးပိတ်ရက်များတွင်လည်း နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ထို့ပြင် ပတ်ဝန်းကျင်နှင့် သစ်တောထိန်းသိမ်းရေးဆိုင်ရာ ဇဟုသုတတိုးပွားရရှိစေရန် သစ်တောဦးစီးဌာနနှင့်ပူးပေါင်း၍ အသိပညာပေးပြခန်းတစ်ခုကို ပွဲတော်ကာလအတွင်း ဖွင့်လှစ်ပေးထားသည်။ လေ့လာလိုသူများအတွက် ပန်းမျိုးစိတ်များ၊ သဘာဝသစ်ပင်၊ ပန်းပင်များထိန်းသိမ်းထားရှိမှုအပြင် မူရင်းပန်းမျိုးများ၊ စပ်မျိုးပန်းပင်များနှင့် စုဖွဲ့စိုက်ပျိုးခင်းကျင်းပြသထားခြင်း၊ အင်ကြင်းကျောက်ပြတိုက်၊ ရွှံ့နွံဖြတ်လျှောက်တံတား၊ သဘာဝငှက်ဥယျာဉ်နှင့် လိပ်ပြာပြတိုက်တို့ကိုလည်း ပြသထားသည်။

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် (ရုက္ခဗေဒဥယျာဉ်)သည် နှစ်ပေါင်း ၁၀၀ ကျော် ကြာမြင့်ပြီး မြန်မာနိုင်ငံ၏ အထိမ်းအမှတ် (Landmark) တစ်ခုဖြစ်ကာ ရေပြင်ဧရိယာ ဧက ၇၀ အပါအဝင် အကျယ်အဝန်း ၄၃၆ ဒသမ ၃၆ ဧကရှိကာ ရုက္ခဗေဒဆိုင်ရာတန်ဖိုးမြင့်မားသည့် သစ်ပင်ပန်းမန်များနှင့် ရေအရင်းအမြစ်တို့ကို ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းဖြစ်၍ ဒေသ၏ အပန်းဖြေလေ့လာရန် ကောင်းမွန်သည့် နေရာတစ်ခုဖြစ်သည်။

ပန်းပွဲတော်ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အောင်သိခ်ပြည့်**



ရွှေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့၌ မဲရုံများအဖြစ်ထားရှိမည့် စာသင်ကျောင်းနှင့် ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့(ခွဲ)ရုံးတို့၌ ဒီဇင်ဘာ ၂၃ ရက်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်စဉ်။

ကျော်ဝင်း(ကလော)

## ကျောက်တန်းမြို့နယ်၌ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အသိပညာပေးဆွေးနွေး

ကျောက်တန်း ဒီဇင်ဘာ ၂၃

ရန်ကုန်တိုင်း ဒေသကြီး ကျောက်တန်းမြို့နယ်တွင် အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနက သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ အသိပညာပေး ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီခွဲ



က ကျောက်တန်းမြို့နယ် သီလဝါဆိပ်ကမ်းဒေသရှိ Elite Petro-chemical Co.,Ltd (ဆီသိုလှောင်ဖြန့်ဖြူးရေးလုပ်ငန်း)နှင့် Padauk Shwe War Port and Petroleum Co.,Ltd (ဆီသိုလှောင်ဖြန့်ဖြူးရေးလုပ်ငန်း)တို့၌ ပြုလုပ်သည်။

အသိပညာပေးဆွေးနွေးပွဲတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန သီလဝါ အထူးစီးပွားရေးဇုန် ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမြတ်မွန်နှင့် ဦးစီးအရာရှိ ဒေါ်နုနုယဉ်တို့က ဥပဒေပါရပိုင်ခွင့်များနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအကြောင်းအရာများကို အသိပညာပေးဆွေးနွေးသည်။

**သန့်ဇင်ထွန်း(ကျောက်တန်း)**



## ဒေါပုံမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်း

ဒေါပုံ ဒီဇင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၃ ရက်က မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်မျိုးထွေးက အခွန်ဆိုင်ရာသိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင် အခွန်ထမ်းစုစုပေါင်း ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချစ်စုဝေ(ပြန်/ဆက်)**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် မြို့မဈေးကြီးအတွင်း ဌာနဆိုင်ရာအဖွဲ့များက ကွင်းဆင်းစစ်ဆေးခြင်းနှင့် မြို့မဈေးကြီးရှေ့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းလက်တွေ့သရုပ်ပြသမှုကို ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက ဈေးသူ ဈေးသားများနှင့်အတူ ပူးပေါင်းဆောင်ရွက်စဉ်။

ခင်ခင်မာ(ပြန်/ဆက်)






ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးအောင်ဆွေဝင်း ဦးဆောင်၍ ခရိုင်မီးသတ်ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးပါဝင်သောတပ်ဖွဲ့ဝင်များက ပုသိမ်မြို့ပေါ်ရှိ ကိုယ်ပိုင်အထက်တန်းကျောင်းများတွင် မီးဘေးလုံခြုံရေး ပစ္စည်းကိရိယာများတပ်ဆင်ထားရှိမှုနှင့် အရေးပေါ်လွတ်မြောက်မှုဆိုင်ရာစနစ်များ စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဒီဇင်ဘာ ၂၃ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

မေချို

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

## မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) မှ စုပေါင်းသွေးလှူဒါန်း



မော်လမြိုင် ဒီဇင်ဘာ ၂၃

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)သည် ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းပေးကြသည့် ရဟန်းသံဃာတော်များ၊ ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းဝင်များအား ဆရာဝန်ကြီးများ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အလေးချိန်နှင့် သွေးပေါင်ချိန်တိုင်းတာခြင်း၊ သွေးအမျိုးအစား ခွဲခြားခြင်းနှင့် လိုအပ်သည့်ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးနေမှုနှင့် စုပေါင်းသွေးလှူဒါန်းနေမှုတို့ကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်းသွေးလှူဒါန်းပေးခဲ့ကြသူများအား အားဆေးများ၊ ကြက်ဥနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်ကြပြီး ဆေးရုံအုပ်ကြီးက မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က စုပေါင်းသွေးလှူဒါန်းပေးကြသူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခြင်ဆီအစားထိုးကုသခြင်း အောင်မြင်စွာဆောင်ရွက်



ရန်ကုန် ဒီဇင်ဘာ ၂၃

ကျန်းမာရေး ဝန်ကြီးဌာန၏ လမ်းညွှန်ပံ့ပိုးမှုများဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ နိုင်ငံတကာ အဆင့်မီ ခုနစ်ထပ်ဆောင်သစ် သွေးရောဂါအထူးကုဌာန၊ ခြင်ဆီအစားထိုးဌာန (Bone marrow Transplant Center)တွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း၌ သွေးပြန်ရေကျိတ်ကင်ဆာ လူနာနှစ်ဦးအား ခြင်ဆီအစားထိုးကုသခြင်း (Bone marrow Transplant) ကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ရာ ကျန်းမာရေး ကောင်းမွန်သဖြင့် ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိပြီး ဖြစ်သည်။

လူနာနှစ်ဦးမှာ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်မှ ၅၄ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် လမ်းမတော်မြို့နယ်နေ ၅၈ နှစ်အရွယ် အမျိုးသမီးတို့ဖြစ်ပြီး အဆိုပါ ခြင်ဆီအစားထိုးကုသခြင်း (Bone marrow Transplant) ကို ဆေးရုံအုပ်ချုပ်မှုအဖွဲ့၊ သွေးရောဂါ အထူးကုဌာနမှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ ဆက်စပ်ဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုကြီး/သူနာပြုများ၊ အထောက်အကူပြုဝန်ထမ်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီအစားထိုးကုသခြင်းကို ၂၀၁၆ ခုနှစ်တွင် သုံးဦး၊ ၂၀၁၇ ခုနှစ်တွင် သုံးဦး၊ ၂၀၁၈ ခုနှစ်တွင် လေးဦး၊ ၂၀၁၉ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ဦး၊ ၂၀၂၄ ခုနှစ်တွင် သုံးဦး၊ ၂၀၂၅ ခုနှစ် ယခုအချိန်ထိ ၁၀ ဦး စုစုပေါင်း ၂၅ ဦးအား ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူများ ကျန်းမာရေးကုန်ကျစရိတ် သက်သာစေရေးအတွက် ပြည်တွင်းမှာပင် ခြင်ဆီအစားထိုးကုသခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မင်းလှမြို့နယ်၌ မဲရုံပတ်ဝန်းကျင်ရှိလူနေအိမ်များ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

မကွေး ဒီဇင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မဲရုံပတ်ဝန်းကျင်ရှိ လူနေအိမ်များအား မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်စိုးလင်း၏ကြီးကြပ်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ယဉ်ငြိမ်းနှင့် တပ်ဖွဲ့ဝင်များက ရပ်မိ/ရပ်ဖများနှင့်အတူ မဲရုံပတ်ဝန်းကျင်ရှိ လူနေအိမ်များတွင် မီးလောင်မှု/မီးလန့်မှုမဖြစ်ပွားစေရေးအတွက် နေအိမ်များ၌ သွယ်တန်းအသုံးပြုသည့် လျှပ်စစ်ဝိုင်ယာကြိုးများ စနစ်တကျသုံးစွဲထားခြင်း ရှိ/မရှိ၊ မီးသုံးစွဲမှုအခြေအနေများ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိရမည့် စည်းကမ်းချက်များကို မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရေး စစ်ဆေးခဲ့ကြကြောင်း သိရသည်။ **ကောင်းစစ်နိုင်**



## မကွေးမြို့နယ် မဏ္ဍိုင်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းနှစ်ပတ်လည်အစည်းအဝေး ကျင်းပ



မကွေး ဒီဇင်ဘာ ၂၃

မကွေးမြို့နယ်မဏ္ဍိုင်အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမ အသင်း၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီးသမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မဏ္ဍိုင်အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမ အသင်းဥက္ကဋ္ဌ သဘာပတိ ဦးဘုန်းမြင့်ထွန်းက တစ်နှစ်အတွင်း ရရှိခဲ့သော ဝင်ငွေ၊ အသုံးစရိတ်များ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမှုဆောင် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ၊ အသင်းစာရင်းစစ်အဖွဲ့၏ အစီရင်ခံစာများနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အသင်းသား ၁၇၇ ဦးအား စုဆောင်းငွေအပေါ်အတိုး ငွေကျပ် ၂၉ ဒသမ ၄၀၃၆ သိန်း ထုတ်ပေးခဲ့ပြီးငွေကျပ် ၁၈ သိန်းတန်ဖိုးရှိ ရေနွေးခေတ်ဘူးများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

## ပြင်ဦးလွင်မြို့နယ်အတွင်း ကျေးလက်လမ်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



ပြင်ဦးလွင် ဒီဇင်ဘာ ၂၃

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ပိုမိုအဆင်ပြေစေရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု အထွေထွေပိုလျှံရန်ပုံငွေ(GRF)မှ ငွေကျပ် ၃၈ ဒသမ ၉၈ သန်းဖြင့် ဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ပြင်ဦးလွင်- ချောင်းကွေ့-ပန်းဦးတောင် ကျေးရွာချင်းဆက်လမ်းနှင့် စည်သာ- စည်ကား- တွင်းငယ် ကျေးရွာချင်းဆက်လမ်း ဂျင်းလမ်းခင်းပြုပြင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပြည်ထောင်စုလမ်း ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေကျပ် ၁၉ ဒသမ ၆၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော အုတ်ဖို-ပန်းဦးတောင်-ကုန်းကော် ကျေးရွာချင်းဆက်လမ်း ဂျင်းခင်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယမန်နေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇေယျာဝင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေဖို့ မဲပေးကြပါစို့**



# မိုင်းရယ်မြို့နယ် မဲဆန္ဒနယ်တွင် မဲစာရင်းပြည့်စုံမှန်ကန်မှုရှိစေရေး တိုက်ဆိုင်စစ်ဆေး

မိုင်းရယ် ဒီဇင်ဘာ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်၌ တတိယအကြိမ် မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာရန် မဲစာရင်းပြည့်စုံမှန်ကန်မှုရှိစေရေး တိုက်ဆိုင်စစ်ဆေးခြင်းကို ယမန်နေ့က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

ထိုသို့တိုက်ဆိုင်စစ်ဆေးရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ မြို့နယ် လဝကရုံးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရပ်ကွက်နှင့် ကျေးရွာကော်မရှင် အဖွဲ့ဝင်များနှင့် ရပ်/ကျေးစာရေးတို့က မဲဆန္ဒရှင်စာရင်းများတွင် ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်နိုင်ရေး၊ မဲဆန္ဒရှင်စာရင်းကျန်ရှိမှုမရှိစေရေးတို့ကို တိုက်ဆိုင်စစ်ဆေးခဲ့သည်။

အဆိုပါ မဲဆန္ဒရှင်စာရင်း တိုက်ဆိုင်စစ်ဆေးနေမှုအခြေအနေများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များက စိစစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ညောင်တုန်းမြို့နယ်၌ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

ညောင်တုန်း ဒီဇင်ဘာ ၂၃

ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး စစ်ဆေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ဖောင်ရိုးချောင်းကျေးရွာရှိ UTT & Sons စက်သုံးဆီအရောင်းဆိုင်ကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမင်းသူ ဦးဆောင်ကာ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအတွက် စစ်ဆေးဆောင်ရွက်ခဲ့ရာ မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးခြင်း၊ အရောင်းဆိုင်ဝန်ထမ်းများအား မီးဘေးအန္တရာယ်နှင့်ပတ်သက်သည့် ဆောင်ရန်ရှောင်ရန်များကို မှာကြားခဲ့ကြောင်း သိရသည်။

ရောဦးသာ

# အုတ်ဖိုမြို့၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်ပြသ

အုတ်ဖို ဒီဇင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်ပြည်သူများ မဲပေးခြင်းဆိုင်ရာ သိရှိနိုင်စေရန် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်ပြသခြင်းကို ယနေ့တွင် အဆိုပါရုံးရှေ့၌ နံရံကပ်ပြဘုတ်ဖြင့် ဆောင်ရွက်သည်။



အဆိုပါ နံရံကပ်ဘုတ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် ဆန္ဒမဲပေးရာ၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် မဲပေးခြင်းဆိုင်ရာ အသိပညာများ၊ ဆန္ဒမဲပေးရာ၌ ဆောင်ရွက်ရမည့် ဆောင်ရန်/ရှောင်ရန် အသိပညာပေး နံရံကပ်ပိုစတာများနှင့် ဒို့အတူတူမဲပေးကြမယ် အသိပညာပေး လက်ကမ်းစာစောင်များ နှိုးဆော် ပြသပေးထားကြောင်း သိရသည်။

အုတ်ဖို(ပြန်/ဆက်)



# မြောက်ဥက္ကလာပမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ပြုလုပ်

ရန်ကုန် ဒီဇင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း မြတ်ခရေခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူနှင့်အဖွဲ့ဝင် ဗိုလ်မှူးဖြိုးဝေလင်းတို့က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်သင်းသင်းမိုးက တည်ဆဲအခွန်ဥပဒေများအရ လိုက်နာရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင် အခွန်ထမ်းပြည်သူ ၇၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

# လပွတ္တာမြို့နယ်၌ နွေစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပွဲကျင်းပ

လပွတ္တာ ဒီဇင်ဘာ ၂၃

ဧရာဝတီ တိုင်းဒေသကြီး လပွတ္တာမြို့နယ် သာလိကာကုန်းကျေးရွာ၌ ယနေ့နံနက်ပိုင်းတွင် နွေစပါးမျိုးစေ့ချ ကိရိယာဖြင့် စိုက်ပျိုးပွဲအခမ်းအနား ကျင်းပသည်။



**စိုက်ပျိုး**

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဝမ်းက နွေစပါးစိုက်ပျိုးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ သာလိကာကုန်းကျေးရွာအုပ်စု တောင်သူဦးမောင်နိုင်၏ လယ်မြေ ၁၀ ဧကတွင် ရက် ၉၀ စပါးမျိုးအား မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခဲ့သည်။

ဆက်လက်၍ နေကြာကျင်း ၁၀၀၀ ဆီတစ်ပုံး စိုက်ပျိုးရာ Super Sun(41) နေကြာမျိုးအား ကျင်းပေါင်း ၃၀၀၀ ကို မျိုးစေ့ချ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မင်္ဂလာဒုံမြို့နယ်၌ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

ရန်ကုန် ဒီဇင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် ရွေးကောက်ပွဲလှုံ့ဆော်ရေး "ဒို့အတူတူမဲပေးကြမယ်" လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။



အဆိုပါ ရွေးကောက်ပွဲလှုံ့ဆော်ရေး လက်ကမ်းစာစောင်ဖြန့်ဝေရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထူးကျော်၊ ကော်မတီအဖွဲ့ဝင် ဗိုလ်မှူးဝင်းကျော်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက အသိပညာပေးလက်ကမ်းစာစောင်များကို ထောက်ကြန့်ဈေးနှင့် မင်္ဂလာဈေးတို့၌ ဈေးရောင်း/ ဈေးဝယ်ပြည်သူများ၏ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မင်းသိန်းထွန်း

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ကွင်း ဖွင့်ပွဲကျင်းပ

တံတားဦး ဒီဇင်ဘာ ၂၃

မန္တလေး တိုင်းဒေသကြီး တံတားဦးမြို့၌ ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဌာနပေါင်းစုံ အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တံတားဦးမြို့ ပြည်သူ့ အားကစားပြိုင်ကွင်းတွင် ကျင်းပသည်။



ကွင်းဖွင့်ပွဲ အခမ်းအနားတွင် တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းအား အားကစားသမားများက အလေးပြုကြပြီး စစ်ကြောင်းမှူးက ဦးဆောင်၍ အားကစားအဓိဋ္ဌာန် ရွတ်ဆိုကြသည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ထို့နောက် ဌာနပေါင်းစုံ အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအဖြစ် ပညာရေးအသင်းနှင့် ကျန်းမာရေးအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ကွင်းအတွင်း ဘောလုံးကန်၍ ဖွင့်လှစ်ပေးသည်။

တံတားဦးမြို့နယ် အနေဖြင့် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပေါင်းစုံ ခုနစ်မျိုး ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်း မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၃ ရက်တွင် သရက်မူလတန်းကြိုကျောင်း၌ လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြသခြင်းကို ဆောင်ရွက်စဉ်။ ကိုခန့်



❖ တပ်မတော်ဆိုသည်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်သည့် အဖွဲ့အစည်းဖြစ်ပြီး အဆင့်အလိုက် တာဝန်ထမ်းဆောင်နေကြသူများအားလုံးက ကာကွယ်ရေးအမြင်များ ရှိရန်လို. . .

❖ တပ်မတော်သားများဖြစ်သည်နှင့်အညီ အမြဲတိုက်ပွဲဝင် အသင့်ဖြစ်စေရေး ကြိုတင်လေ့ကျင့်ပြင်ဆင်ခြင်းများကို ဆောင်ရွက်နေရန်လိုပြီး ကျန်းမာကြံ့ခိုင်နေရန်၊ ရဲစွမ်းသတ္တိရှိရန်နှင့် ကျွမ်းကျင်မှုများရှိရန်ဆောင်ရွက်ပြီး အမြဲ Combat Ready ဖြစ်စေရေးဆောင်ရွက်နေရန်လို. . .

(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ဒီဇင်ဘာ ခရစ္စမတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် အထူးရထားများ တိုးချဲ့ပြေးဆွဲမည်




နေပြည်တော် ဒီဇင်ဘာ ၂၃

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရထားလမ်းပိုင်းများ ပိုမိုကောင်းမွန်လာခြင်း၊ အချက်ပြစနစ် ပိုမိုခေတ်မီလာခြင်းနှင့်အတူ ခေတ်မီစက်ခေါင်းနှင့် လူစီးတွဲများ အသုံးပြုလာနိုင်ခြင်းကြောင့် ရန်ကုန်-မန္တလေး အဓိကရထားလမ်းပိုင်း၌ ရထားအမြန်နှုန်းများ တိုးမြှင့်ပြီး ပြေးဆွဲချိန်လျှော့ချနိုင်ခဲ့သဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာသွားလာနိုင်ရန် ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့်လည်းကောင်း၊ ရန်ကုန်-ပြည်နှင့် ရန်ကုန်-မော်လမြိုင် လမ်းပိုင်းတို့တွင် လေအိတ်ရထားတွဲဆိုင်းများဖြင့်လည်းကောင်း နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်များ ကြိုက်နှစ်သက်ကြပြီး စီးနင်းမှုများပြားသဖြင့် ခရစ္စမတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်စေရေးအတွက် ရန်ကုန်-နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-ပြည်-ရန်ကုန်နှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူးရထားများအား အောက်ပါနေ့ရက်များအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✻

# တောင်အာဖရိကအသင်းနဲ့ အီဂျစ်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



အီဂျစ်အသင်းနှင့် ဇင်ဘာဘွေအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲ အုပ်စုအဆင့် အဖွင့်ပွဲစဉ်တွေထဲမှာ တောင်အာဖရိကအသင်းနဲ့ အီဂျစ်အသင်းတို့ဟာ နိုင်ပွဲကိုယ်စီရရှိခဲ့ပါတယ်။

**အနိုင်ရရှိ**

တောင်အာဖရိကအသင်းဟာ အန်ဂိုလာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပြီး အန်ဂိုလာအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ တောင်အာဖရိကအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၂၁ မိနစ်မှာ အက်ပိုလစ်နဲ့ ၇၉ မိနစ်မှာ ဖော်စတာတို့က သွင်းယူပေးခဲ့တာဖြစ်ပြီး အန်ဂိုလာအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပထမပိုင်း ပွဲကစားချိန် ၃၃ မိနစ်မှာ ရှိုးက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အီဂျစ်အသင်းကတော့ ဇင်ဘာဘွေအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး

စာမျက်နှာ ၁၅ ကော်လံ ၆ သို့ ❂



မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# အာဆီယံ ယူ-၁၉ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲတွင် မြန်မာအသင်း သရေကျ

ရန်ကုန် ဒီဇင်ဘာ ၂၃

၂၀၂၅ အာဆီယံ ယူ-၁၉ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို ဒီဇင်ဘာ ၂၃ ရက်က ထိုင်းနိုင်ငံ၌ စတင်ကျင်းပရာ မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ သုံးဂိုးစီသရေကျခဲ့သည်။

ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ ကျင်းပနေပြီး မြန်မာအသင်းသည် အုပ်စု (B) တွင် အင်ဒိုနီးရှား၊ မလေးရှားတို့နှင့် ကျရောက်နေသည်။ မြန်မာအသင်းသည် အဖွင့်ပွဲတွင် သရေတစ်မှတ်သာ ရယူနိုင်သဖြင့် ဒုတိယပွဲတွင် ရလဒ်ကောင်းရန် လိုအပ်နေသည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် သုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ပြီးမှ ဒုတိယပိုင်းတွင် ဂိုးများပြန်ပေးခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဒီဇင်ဘာ ၂၄ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် အင်ဒိုနီးရှားအသင်းနှင့် ကစားရမည်ဖြစ်သည်။

သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - MFF

## ယနေ့ ဖတ်စရာ

KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၄၉၁ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ မြဝတီမြို့နှင့် အနီးတစ်ဝိုက်ရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား ချိပ်ပိတ်သိမ်းဆည်း

စာမျက်နှာ » ၁၅

ပြင်ဦးလွင် ပန်းပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လေ့လာလည်ပတ်သူများဖြင့် စည်ကားများပြား

စာမျက်နှာ » ၁၆